# သီးလုံး ဆရာတော်ဘုရားကြီး

## ကျော်နန္ဒအောင်

ရေးသားပူဇော်သည်



ဥ၁

2010.GRAPHIC DESIGN : KYAW MINN MOUNG

ကျော်နန္ဒအောင်

# သီးလုံးဆရာတော်ဘုရားကြီး

ပါရမီ

စာပေ

သီးလုံးဆရာတော်ဘုရားကြီး
ပထမအကြိမ်၊ ၂၀၁၀ ပြည့်နှစ် ဒီဇင်ဘာလ၊ အုပ်ရေ ၁၀၀၀

အဖုံးပန်းချီ ကျော်မင်းမောင်

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၆၀၀၅၉၀၁၁၁၀ နှင့် စာမူခွင့်ပြုချက်အမှတ် ၆၀၀၄၉၉၁၀၁၀ တို့အရ ဦးကျော်ဦး(၀၃၉၉၀) ပါရမီစာပေ၊ အမှတ် ၂၃၀၊ ၂၉ လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်က ထုတ်ဝေ၍ မျက်နှာဖုံးနှင့် အတွင်းစာသားကို ဦးအောင်ထက်(၀၈၀၀၃) အောင်ပါရမီ ပုံနှိပ်တိုက်၊ အမှတ် ၁၂၇၊ အခန်း ၃၊ ၅၂ လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်က ပုံနှိပ်သည်။

တန်ဖိုး

ပါရမီစာပေ
၂၃၀၊ ၂၉ လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်(ဖုန်း ၂၅၃၂၄၆)
၂/၄၊ ကမ္ဘာအေးစေတီတော်မုခ်ဦးစောင်းတန်း၊ ရန်ကုန်
၂၉၅၊ ဈေးအရှေ့လမ်း၊ ထားဝယ်
E-mail paramibookshops@gmail.com

၂၉၄.၁
ကျော်နန္ဒအောင်
သီးလုံးဆရာတော်ဘုရားကြီး/ကျော်နန္ဒအောင် ။ – ရန်ကုန် ၊ ပါရမီစာပေ ၊ ၂၀၁၀ ။
၇၂ – စာ ၊ ၁၂ စင်တီ × ၁၈ စင်တီ။
(၁) သီးလုံးဆရာတော်ဘုရားကြီး

# မာတိကာ


| | | |
|---|---|---|
| | စကားဦး | ၄ |
| ၁။ | သီးလုံးဆိုတဲ့ရွာကလေး | ၅ |
| ၂။ | သီးလုံးရွာအမည်ကွဲများ | ၉ |
| ၃။ | သီးလုံးဆရာတော်နှင့်ဆရာစဉ်ဆက် | ၁၄ |
| ၄။ | သီးလုံးဆရာတော်၏ထေရုပ္ပတ္တိ | ၁၈ |
| ၅။ | သီးလုံးဆရာတော်၏ခန္တီတရား | ၂၂ |
| ၆။ | အဘိညာဉ်နှင့်ကောင်းကင်ခရီး | ၃၀ |
| ၇။ | သစ်တုံးပမာ ဒေသနာတော် | ၃၆ |
| ၈။ | သပိတ်လွယ်အစ သီးလုံးက | ၄၅ |
| ၉။ | သီးလုံးဆရာတော်ကြီး၏ကျမ်းစာများ | ၄၈ |
| ၁၀။ | ဓာတုစေတီတော် | ၅၆ |

# စကားဦး

စာရေးသူသည် ကျေးဇူးတော်ရှင် သီးလုံးဆရာတော်ကြီး၏ အကြောင်းကို သီးခြားရည်ရွယ်၍ ရေးသားခဲ့ခြင်း မဟုတ်ပါ။ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ ထေရုပ္ပတ္တိကို ရေးသားပြုစုရာတွင် ဆရာစဉ်ဆက်ကဏ္ဍတွင် သီးလုံးဆရာတော်ကြီးသည် မပါမဖြစ် ပါဝင်ခဲ့ရပါသည်။ ဤသို့ဖြင့် သီးလုံးဆရာတော်ကြီး၏ အကြောင်းအရာသည် သီးခြားရည်ရွယ်၍ ရေးသားပူဇော်သလိုပင် ဖြစ်ပေါ်လာခဲ့ရပါသည်။

သီးလုံးဆရာတော်ကြီး၏ အကြောင်းအရာတို့ကို လက်လှမ်းမီနိုင်သမျှ ကြိုးပမ်း၍ ရေးသားခဲ့ပါသည်။ ဆရာတော်ကြီး၏ ဇာတိရပ်ရွာနှင့် သီတင်းသုံးတော်မူခဲ့ရာ နေရာများသို့လည်း ကိုယ်တိုင်ကိုယ်ကျ သွားရောက်လေ့လာခဲ့ပါသည်။ အကျိုးရလာဒ်ကား ဆရာတော်ကြီး၏ အကြောင်း စာတစ်စောင် ပေတစ်ဖွဲ့ ဖြစ်ပေါ်လာခဲ့ရပါသည်။

စာအုပ်ထုတ်ဝေပေးသည့် ပါရမီစာပေတိုက်နှင့် သီးလုံးရွာသို့ သွားရောက်ရာတွင် အကူအညီပေးခဲ့ကြသည့် ရဟန်းရှင်လူများကို ကျေးဇူးတင်ပါကြောင်းကျေးဇူးစကားဆိုအပ်ပါသည်။

ကျန်းမာချမ်းသာကြပါစေ
ကျော်နန္ဒအောင်

# သီးလုံးဆိုတဲ့ရွာကလေး

မဟာစည်ဆရာတော်ကြီး ဖွားမြင်တော်မူရာ ဆိပ်ခွန်ရွာသည် စစ်ကိုင်းတိုင်းအတွင်းရှိ ရွှေဘိုမြို့နှင့် ၇ မိုင်မျှသာ ကွာဝေးလေသည်။ ထို ဆိပ်ခွန်ရွာ၏ မြောက်ဘက်တွင် ပရိယတ်, ပဋိပတ် အကျော် သီးလုံး ဆရာတော်ကြီး သီတင်းသုံးတော်မူခဲ့ရာ သီးလုံးရွာကလေး ရှိသည်။ ဆိပ်ခွန်ရွာမှဆိုလျှင် သီးလုံးရွာကလေးသည် မြေသားလမ်း အတိုင်း သွားလျှင် ၄–မိုင်မျှသာ ကွာဝေး လေသည်။

မဟာစည်ဆရာတော်ကြီး၏ ပဋိပတ်ရေးရာနှင့် ပတ်သက်လာလျှင် သီးလုံးဆရာတော်ကြီးမှ အစပြုသည်ဟု ဆိုရမည်သာဖြစ်သည်။ ဆရာ တော်ကြီး၏ ပဋိပတ်ဆရာသည် မူလမင်းကွန်း ဇေတဝန်ဆရာတော် ကြီး ဖြစ်သည်။ မူလမင်းကွန်းဇေတဝန်ဆရာတော်ကြီးသည် မင်းကွန်း အလယ် တောရဆရာတော်ကြီး ဦးမဉ္ဇူသာထံတွင် ပဋိပတ်ကို ဆရာနည်း ကျကျ တပည့်ခံ ကျင့်သုံးခဲ့သည်။ တစ်ဖန် အလယ် တောရ ဆရာတော် ကြီးသည်လည်း သီးလုံးဆရာတော်ကြီး၏ ပဋိပတ်နှင့် ပတ်သက်၍ တပည့်ရင်းကြီးဖြစ်ခဲ့ပေသည်။ ထို့ကြောင့် သီးလုံးဆရာတော်ကြီးမှ အလယ်တောရဆရာတော်၊ အလယ်တောရဆရာတော်ကြီးမှ မူလ မင်းကွန်း ဇေတဝန် ဆရာတော်၊ မူလမင်းကွန်းဇေတဝန်ဆရာတော်

ကြီး၏အထံတော်မှ ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ကြီးက ပဋိပတ်နည်းကို ဆက်လက်ခံယူကျင့်သုံး ပြန့်ပွားစေခဲ့ခြင်းဖြစ်ပေသည်။

ထို့ကြောင့် မဟာစည်ဆရာတော်ကြီး၏ ပဋိပတ် အကြောင်းနှင့် ပတ်သက်လျှင် သီးလုံးဆရာတော်ကြီးကို ချန်လှပ်၍ ထားလို့ရမည် မဟုတ်ပါပေ။ သာသနာတော် ၏ ဘုန်းတန်ခိုးကား အံ့ဩဖွယ်ရာပင် ဖြစ်ပါပေသည်။ ဆရာတော်ကြီး၏ မွေးဇာတိရွာဆိပ်ခွန်နှင့် ၄–မိုင်မျှသာ ကွာဝေးသည့်နေရာဒေသတွင် သီးလုံးဆိုသည့် ရွာကလေး ရှိနေခဲ့သည်။ ထိုရွာမှ ပရိယတ်, ပဋိပတ်အရာတွင် ထင်ရှားတော်မူခဲ့သော သီးလုံး ဆရာတော်ကြီး၏ ပဋိပတ်အမွေသည် နှစ်ပေါင်းများစွာ ကွာခြားပြီးနောက် မဟာစည်ဆရာတော်ကြီးက ဝိပဿနာအမွေကို ဆရာစဉ်ဆက် နှစ်ဆက် ခြားကာ မြန်မာသာမက ကမ္ဘာကိုပါ ထင်ရှားကျော်ကြားအောင် ဖမွေအမွေ ဖြန့်ချိနိုင်ခြင်းသည် သာမန်တိုက်ဆိုင်မှုတစ်ရပ်တော့ မဖြစ်နိုင်ပါပေ။

ဆိပ်ခွန်ရွာနှင့် ၄–မိုင်မျှကွာသောရွာမှ သီးလုံးဆရာ တော်ကြီး၏ ဖမွေအမွေကို လက်ဆင့်ကမ်း သယ်ဆောင် ၍ သာသနာတော်ကို ကမ္ဘာအနှံ့ ဖြန့်ချိပေးနိုင်ခဲ့ခြင်းသည် ရှေးရေစ ဆရာ ဒကာ, ဆရာတပည့်ရေစက် ကြောင့်ဟု ပြောရမည်သာဖြစ်ပါသည်။ ဆိပ်ခွန်ရွာနှင့် ၄–မိုင်မျှသာ ကွာဝေးသော သီးလုံးရွာမှ သီးလုံး ဆရာတော်ကြီး၏ ပဋိပတ်နည်း နိဿယသည် (သီးလုံးဆရာတော်ကြီး ဖွားမြင် ၁၁၄၈– မဟာစည် ဆရာတော်ကြီး ဖွားမြင် ၁၂၆၆) နှစ်ပေါင်း ၁၀၀ ကျော်ကြာ ပြီးသော အခါတွင် မဟာစည်ဆရာတော်ကြီး၏ ကျေးဇူးတော်ကြောင့် ဆိပ်ခွန်ရွာနှင့် တကွ ဆက်စပ်ရာ နေရာဒေသအနှံ့အပြားသို့ တစ်ဖန်ပြန်၍ အသစ် မွေးဖွားခဲ့ရပေသည်။ သာသနာတော်၏ဘုန်းကံကား ကြီးမားပေစွ။

သီးလုံးဆရာတော်ကြီးထင်ရှားရှိနေချိန်တွင် သီးလုံး ရွာကြီး တစ်ရွာသာ ရှိပေသည်။ နောင် ကြာလာသောအခါ သီးလုံးတောင်ရွာ၊ သီးလုံး ရွာမကြီး၊ သီးလုံး အနောက်ရွာဟူ၍ အမည်ခွဲ၍ ခေါ်ကြသည်။ သီးလုံးရွာ

၏ဝန်းကျင်တစ်ဝိုက်တွင် ခွန်တောင်း၊ ညောင်ကန်၊ ပန်းရုံ၊ လိတ်ချင်း၊ နှမစားရစ်၊ ဇီးဖြူကုန်း ဟူသည့် ရွာများ ရှိကြသည်။ ယခုအခါ အိမ်ခြေ အားဖြင့် ၇၀၀ ကျော်ခန့်ရှိပြီး လူဦးရေ ၃ ထောင်ကျော်ခန့်ရှိသည်ဟု သိရသည်။ အဓိကလုပ်ကိုင်စားသောက်မှုမှာ လယ်ယာ လုပ်ငန်းဖြစ်သည်။ စပါးကို ဦးစားပေးစိုက်ပျိုးပြီး ကွမ်းလည်း စိုက်ကြသည်။ ရိုးသား ဖြောင့် မတ်ကြသည်။ ဘုန်းတော်ကြီးကျောင်းများအနေဖြင့် မူလသီးလုံး ဆရာ တော်ကြီး သက်တော်ထင်ရှား ရှိစဉ် မူလကျောင်းကြီး ၂ ကျောင်းသာ ရှိခဲ့သည်၊ နောင်တွင် အရှေ့ကျောင်း၊ မြောက်ကျောင်း၊ အနောက်ကျောင်း ဟူ၍ ၃ ကျောင်း ရှိလာခဲ့သည်။ ဆရာတော်ကြီး လက်ထက်တွင် မူလ ကျောင်း ၂ ကျောင်းသည် ခွဲခြားမှုမရှိခဲ့ပေ။ မူလကျောင်း ဟူ၍သာ ခေါ်တွင်ခဲ့လေသည်။ ကြာလာသော အခါတွင် မူလကျောင်းကို အရှေ့ ကျောင်းဟူ၍ သတ်မှတ်ခေါ်ဝေါ်ခဲ့ကြသည်၊ နောက်ဆောက်သည့် မင်းကြီး ဦးစိုး၏ကျောင်းကို အနောက်ကျောင်းဟူ၍ သတ်မှတ် ခေါ်ဝေါ် ကြသည်။ အစ်ကိုဖြစ်သူ ရ ရွာစား ဦးဝိုက် ဆောက်လုပ်သည့် ကန်ရင်း လေးထပ် ကျောင်းသည် ဦးစွာ ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် သီးလုံးတွင် ဘုန်းတော်ကြီးကျောင်း သုံးကျောင်း တည်ရှိနေလေသည်။

သီးလုံးရွာကြီးသို့ ဆက်သွယ်ရာလမ်းကြောင်းမှာ မြေနီလမ်း တစ်လမ်းသာလျှင် ရှိသည်။ ဆိပ်ခွန်မှ မြေနီလမ်း အတိုင်း ဆိုင်ကယ်၊ ကားအသေး၊ ထော်လာဂျီ၊ စက်ဘီး စသည်တို့နှင့်သွားလျှင် ရောက်ပါ သည်။ လမ်း မှန်မှန်လျှောက်သွားလျှင် ၁–နာရီသာသာခန့် ကြာသည် ဟု သိရှိရသည်။ သီးလုံးရွာကြီးထဲသို့ ဝင်ပြီး လာလမ်း အတိုင်း ဆိပ်ခွန် သို့ မပြန်လိုပါက ရွာလယ်လမ်းမှ ပတ်၍ အခြားတစ်ဖက်မှ မြေနီလမ်း (ယာယီလမ်း)က ပြန်လျှင်လည်း အဆင်ပြေပေသည်။ သို့သော် မူလ လမ်းသည် အချိန်မရွေး စိတ်ချစွာသွားလာနိုင်သဖြင့် လမ်းပန်း ဆက် သွယ်ရေး ကောင်းမွန်သည်ဟု ပြောရမည် ဖြစ်သည်။ သီးလုံးရွာ၏



သီးလုံးရွာသို့အဝင်လမ်း

ဆက်သွယ်မှုလမ်းကြောင်းကား ဤမျှသာဖြစ်သည်။ သီးလုံး ဆရာတော်ကြီး၏ လက်ထက်တွင် ရှေးကျလှသဖြင့် တောရိပ် တောင်ရိပ်တို့ဖြင့် ဖုံးလွှမ်းနေသဖြင့် တောလမ်း ခရီးကိုသာ အားပြု၍ ခြေလျင်ခရီးဖြင့်သာ သွားရမည်မှာ သေချာလှပါတော့သည်။

# သီးလုံးရွာအမည်ကွဲများ

သီးလုံးလား–သီလုံးလား–သလုံးလား

သီးလုံးဆရာတော်ကြီးနှင့် စပ်လျဉ်း၍ ယခုအခါ အများသိထားကြသည်မှာ သီးလုံးရွာဟူ၍ နှုတ်ကျိုးနေကြပြီဖြစ်သည်။ သို့သော် ထိုဒေသတပိုက်၏ အရပ်ခေါ်မှာ သလုံးဟူ၍သာ ခေါ်ကြပြောကြသည်၊ ရွာအမည်မှန်ကား ဝစ်စပေါက်မပါသော သီလုံးဟူ၍ဖြစ်သည်။ ထိုဒေသ ပတ်ဝန်းကျင်မှ အားလုံးကလည်း သီလုံးဟူ၍သာ ပြောဆိုကြသည်။ သီးလုံးဆရာတော်ကြီး၏ သီလုံးသမိုင်းဝင်စာပေ ထိန်းသိမ်းရေးအဖွဲ့၏ အဆိုအရမှု သီလုံးရွာအမည်သည် အမှန်ဖြစ်သည်၊ ရှေးယခင်အခါ ကတည်းကပင် သီလုံးဟု တွင်ရှိသောကျေးရွာဖြစ်သည်၊ မှန်နန်းရာဇဝင်၊ ကုန်းဘောင်ဆက်ရာဇဝင်၊ မန္တလေး မဟာရာဇဝင်နှင့် သီလုံးဆရာတော်ကြီး အရှင်စန္ဒိမာ ပြုစုရေးသားတော်မူခဲ့သော စာပေကျမ်းဂန်များနှင့် မင်းကြီးဗိုလ်ချုပ်ဦးစိုးအား အဆောင်အရောင် ပေးအပ်ခဲ့သော ဘွဲ့များ၏ အထောက်အထားအရ သီလုံးဟူ၍ ရေးသားသုံးစွဲခဲ့ကြောင်း အထောက်အထား အခိုင်အမာ တွေ့ရှိရသည်။


သီလုံးမှ သီးလုံးဟူ၍ရေးသားခြင်းကိုတွေ့ရှိရသည်မှာ ရွှေကျင်နိကာယသာသနာဝင်ကျမ်းနှင့် ဓမ္မာစရိယ ဦးဌေးလှိုင် ရေးသားသော ရဟန္တာနှင့် ပုဂ္ဂိုလ်ထူးများ စာအုပ်တွင်သာ တွေ့ရှိရကြောင်း၊ မကြာသေးမိ

ကာလကမှ ဖြစ်ပေါ်လာသော သီးလုံးဟူသည့် အရေးအသား ဖြစ်ကြောင်း ၁–သီးလုံး၊ ၂–သီလုံး၊ ၃–သလုံး ဟူသည့် ၃ မျိုး ၃ မည် ဖြစ်ရခြင်း အကြောင်းရင်းကို ခွဲခြားလိုက်သည့်အခါ (သီးလုံးမဟုတ်ပါ)၊ ရေးတော့ အမှန် ဖတ်တော့ အသံဆိုသည့် စကားအရ (ရေးတော့ သီလုံး)၊ (ဖတ်တော့ သလုံး) ဖြစ်၍ နှုတ်မှုအရ ခေါ်ဝေါ် သုံးစွဲကြသည်မှာ (သလုံး)ဟူ၍သာဖြစ်ကြောင်း ၌သီလုံး သမိုင်းဝင် စာပေထိန်းသိမ်းရေးအဖွဲ့က မှတ်တမ်းတင်ပြုစုထားသည်ကို တွေ့ရှိရပါသည်။ ထို့ကြောင့် မူလအမည်မှန် အခေါ် သီလုံး ဖြစ်သော်လည်း အထက်မြန်မာနိုင်ငံ တစ်ဝိုက်တွင်သာ သီလုံးဟူ၍ သိရှိထားကြပြီး အောက်မြန်မာနိုင်ငံနှင့်တကွ ဘာသာရေး လိုက်စားသူများအဖို့မူ သီးလုံးဟူ၍သာ နှုတ်ကျိုး၍ရေးသားသုံးစွဲနေကြပြီဖြစ်ကြောင်း တွေ့ရှိရပေသည်။ ယခု စာရေးသူသည်လည်း အများနှုတ်ကျိုးနေသည့် သီလုံး အစား သီးလုံးဟူ၍သာ ရေးသားဖော်ပြသွားမည် ဖြစ်ပါသည်။

## သီးလုံးဆရာတော်ကြီး

သီးလုံးဆရာတော်လောင်းလျာကို ရွှေဘိုမြို့မြောက်တက်၊ ဘုတ်ကုန်းကျေးရွာအနီး ရွှန်းရွှန်းတက်ရွာ (ခေါ်) ရွှံ့စက်ရွာ(ယခုရွာမရှိတော့)တွင် ခမည်းတော် ဦးပု–မယ်တော်ဒေါ်ငွေဥ (ခ) ဒေါ်ငွေရီတို့မှ ၁၁၄၈–ခုနှစ်တွင် ဖွားမြင်တော်မူပါသည်။ ရွှန်းရွှန်းတက်ရွာ ရွာဦးဘုန်းတော်ကြီး ထံတော်တွင် ရှင်သာမဏေအဖြစ် ခံယူပြီး ဒီပဲယင်းမြို့နယ်၊ လက်ယက်ကုန်းရွာအနီး နမော ဆရာတော်အရှင်ပုညာရမ္ဘနှင့် ဆရာတော်အရှင် ဝိစာရိန္ဒတို့ကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်း အဖြစ်သို့ ရောက်တော်မူသည်။ ဘွဲ့တော်မှာ အရှင်စန္ဒိမာ လင်္ကာရ ဖြစ်သည်။

၁၁၈၁–ခုနှစ်တွင် နန်းတက်သော ဘကြီးတော် (ခေါ်)မှန်နန်းရှင်မင်း လက်ထက်တွင် သီးလုံးရွာ ရွာအုပ် ဦးဝိုက်က ရွာဦးထိပ် (ယခုအရှေ့ကျောင်း) ကို ဆောက်လုပ်ပြီး သီးလုံးရွာသို့ သီးလုံးဆရာတော်ကြီးကို



မင်းကြီးဦးစိုး လှူဒါန်းသည့် မဟာဝေယံဘုံစံကျောင်းတော်ကြီး

ပင့်ဆောင် တင်လှူတော်မူခဲ့သည်။ ထို့နောက် ၁၁၉၀–ပြည့်နှစ်တွင် နန်းတက်သော ရွှေဘိုမင်း(ခေါ်) သာယာဝတီမင်း လက်ထက်တွင် အရှေ့ကျောင်းဒါယိကာကြီး ဦးဝိုက်၏ညီ ဦးစိုး (အတွင်းဝန်မင်းလှကျော်သူ ဘွဲ့ခံ)နှင့် ဝန်ကတော်ဒေါ်မယ်စီတို့မှ ယခု အနောက်ကျောင်းခေါ် မဟာဝေယံဘုံစံကျောင်းတော်ကြီးကို ဆောက်လုပ် လှူဒါန်းခဲ့သည်။

သီးလုံးဆရာတော်ကြီးသည် ရွှေဘိုမင်း လက်ထက်တွင် ဂဏဝိမုတ်ထုတ်ပြန်ပြီး စန္ဒိမာဘိဝံသ သီရိ သဒ္ဓမ္မ ဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော်ကို လည်းကောင်း၊ ၁၂၁၅–ခုနှစ် နန်းတက်သော မင်းတုန်းမင်းကြီးလက်ထက်တွင် ဂဏဝိမုတ်အမိန့်တော်ကို တည်မြဲစေ၍ စန္ဒိမာဘိလင်္ကာရ ကဝိဓဇ မဟာရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော်တို့ကို ဆက်ကပ်လှူဒါန်းရရှိခဲ့ပါသည်။ (ဂဏဝိမုတ်ဆိုသည်မှာ သာသနာ့အဖွဲ့ဂိုဏ်းရဟန်း အဖွဲ့အစည်းတို့၏ ဩဇာအာဏာ မသက်ရောက်စေရ)

ဟု ဆိုလိုပါသည်။

ဆရာတော်ကြီးသည် ၁၂၀၉–ခုနှစ်တွင် ရွှေဘိုမြို့နယ်၊ ခက်သင့် ကျေးရွာတွင် ၆–နှစ် ၆–ဝါ သီတင်းသုံး နေထိုင်တော်မူပြီး (ယခုတိုင် တည်ရှိဆဲ) ၁၂၁၅–ခုနှစ် တွင် သီးလုံးကျေးရွာသို့ ပြန်လည်ကြွရောက် တော်မူသည်။ သီးလုံးရွာရှိ ကျောင်းတော်ကြီးများတွင် သီတင်းသုံး တော်မမူဘဲ ဗုဒ္ဓမြတ်စွာ၏ ဝိနည်းတော်နှင့်အညီ သီးလုံး ကျေးရွာ၏ တောင်ဘက် တာငါးရွာကွာဝေးသော ယခု တောရကျောင်းနေရာတွင် ၁၂၁၆–ခုနှစ်တွင် မင်းတုန်းမင်းကြီး ဆောက်လုပ်လှူဒါန်းသော ရတနာ ဘုံစံ ကျောင်းတော်တွင် ၇–နှစ် ၇–ဝါ သီတင်းသုံး၍ တောရ ဆောက်တည် နေထိုင်တော်မူခဲ့ပေသည်။ ကျောင်းဒကာ ဦးဝိုက်၏ကျောင်းနှင့် မင်းကြီး ဦးစိုးတို့၏ ကျောင်းတွင်လည်း ရံဖန်ရံခါ အလှည့်ကျ သီတင်းသုံးဟန်တူပါ သည်။ မင်းတုန်းမင်းကြီးကျောင်းကား မရှိတော့ပေ။

၁၂၂၂–ခုနှစ်၊ နယုန်လဆန်း ၁ ရက်တွင် သက်တော် ၇၅ နှစ်၊ ဝါတော် ၅၅ ဝါ အရောက်၌ တစ်ဘဝ ဇာတ်သိမ်း ချုပ်ငြိမ်းတော်မူခဲ့ပါ သည်။ ရုပ်ကလာပ်တော်ကို မင်းတုန်းမင်းကြီးက ၁၂၂၂–ခုနှစ်၊ တပို့တွဲလ တွင် မင်းခမ်းမင်းနားဖြင့် အန္တိမစျာပနပွဲကို ကျင်းပခဲ့သည်။ ထိုမီးသဂြိုဟ် သောနေရာ ရွာဦးထိပ်၌ မြသိန်းတန်စေတီတော်ကြီးကို တည်ထား ကိုးကွယ်တော်မူခဲ့လေသည်။ ဆရာတော်ကြီးသည် ပရိယတ္တိရော ပဋိ ပတ္တိပါ ပြည့်စုံတော်မူသော ဆရာတော်ကြီးဖြစ်ပြီး ကျမ်းပေါင်း ၆၄ ကျမ်းကို ပေပေါ်တွင် မှတ်တမ်းပြု၍ ရေးသားစီရင် တော်မူခဲ့ပါသည်။

သီးလုံးဆရာတော်ကြီးဟူ၍ ပရိယတ် ပဋိပတ်နယ်တွင် ထင်ရှား ကျော်ကြားခဲ့သော်လည်း ဆရာတော်ကြီးသည် သီးလုံးရွာဇာတိ မဟုတ် ပေ။ ဆရာတော်ကြီးသည် သူ၏ဇာတိရွာ အမည်မှန်ကို မူလ ပဏ္ဏာသ အဋ္ဌကထာ နိဿယ၏နိဂုံးတွင် ''ရွှန်းသာဘိတက်၊ မိန့်ခွန်း ဆက်ကြောင့် ရွှန်းတက်ဟူ၍ အမည်ရှိထသော'' ဟူ၍ ဖော်ပြခဲ့ပါသည်။ (စာအုပ်

မဖြစ်သေး၊ ပေမူသာ ရှိပါ၏)၊ ၁၂၀၅–ခု၊ တန်ခူးလဆန်း ၁၂ ရက်၊ စနေနေ့နေ့ ၁ ချက်တီးအချိန်တွင် အပြီးသို့ရောက်သည်ဟုပါရှိ၏။ ပဋ္ဌိပတ္တိပကာသနီ ဒုအကြိမ် ၁၃၁၅–ခုနှစ်၊ မန္တလေးမြို့ မြန်မာ့တာရာ စာပုံနှိပ်စက်တွင် ရိုက်နှိပ်သော ထိုကျမ်း၏ နိဂုံးတွင်–

''ရွှန်းရွှန်းတက် က္လတျဝှယေ ဂါမေ ဇာတိယာ ဇာတေန မယာ စန္ဒိမာ က္လစွာဘိဓာနေန ဘိက္ခုနာ ဥဒ္ဓရိတော ပဋ္ဌိပတ္တိ ပကာသနီ နာမကောယံ ပရိနိဋ္ဌိ တောတိ'' ဟူ၍ ရွှန်းရွှန်းတက်ရွာတွင် ဖွားမြင်တော်မူကြောင်း မှတ်တမ်းပြုထားခဲ့ပေသည်။

ရွှေဘိုမင်း၊ ပုဂံမင်း၊ မင်းတုန်းမင်းတို့၏ လက်ထက်တွင် ပရိယတ်ပဋ္ဌိပတ်အားဖြင့် ထင်ရှားကျော်ကြားခဲ့ကြသည့် သက်ပန်းဆရာတော် ဦးဥယျ၊ ရွှေကျင်ဆရာတော် ဦးဇာဂရ၊ သင်္ဂဇာဆရာတော် ဦးအဂ္ဂစသည့် ဆရာတော်ကြီးများသည် ပထမ သီးလုံး ဆရာတော်ကြီး၏ တပည့်ကြီးများဖြစ်ကြပေသည်။

သီးလုံးဆရာတော်ကြီး၏ ဩဝါဒများအနက် အကျိုးပေးသန်လိုသူတို့ မှတ်ဖွယ်ဟူသည့် ဩဝါဒတော်သည် အထူးထင်ရှားလှပေသည်။

*လောကလူ့ရွာ ဘုံမွေတာတွင်*
*ကံသာအမိ ဆိုရိုးရှိလည်း*
*ဝီရိယလျှင် ဉာဏ်နှင့်ယှဉ်မှ*
*စီစဉ်သမျှ ကိုယ့်ကိစ္စတို့*
*လုံးဝအောင်မြင် ဖြစ်လိမ့်ပင်ဟု*
*လူတွင်အထွဋ် ဘုရားမြွက်သည်*
*ဟောလတ်သေချာ မယွင်းတည်း။*

# သီးလုံးဆရာတော်နှင့်ဆရာစဉ်ဆက်

## သီးလုံးဆရာတော်၏မွေ့စွမ်းရည်

သီးလုံးဆရာတော်ကြီး၏အကြောင်းနှင့် ပရိယတ် ပဋိပတ် စွမ်းရည်များကို လက်လှမ်းမီသလောက် ဆရာတော်ကြီးများနှင့် လူပုဂ္ဂိုလ် ပညာရှင်တို့ အသီးသီးမှတ်တမ်းတင်ခဲ့ကြပါသည်။ မဟာစည် ပဋိပတ္တိ သာသနာဝင်၊ ရွှေကျင် နိကာယသာသနာဝင်၊ မင်းကွန်းဇေတဝန်ဆရာတော်ကြီး၏ ထေရုပ္ပတ္တိ၊ ရဟန္တာနှင့်ပုဂ္ဂိုလ်ထူးများ စသည်တို့မှ အသီးသီးထုတ်နုတ်၍ သီးလုံး ဆရာတော်ကြီး၏ ထေရုပ္ပတ္တိကို တင်ပြလိုက်ရပါသည်။ မြန်မာနိုင်ငံ၏ ပရိယတ် ပဋိပတ်ထူး ပုဂ္ဂိုလ်မြတ်ကြီးတစ်ပါးအကြောင်းကို ဖတ်မှတ် ရသမျှ မော်ကွန်းတင်လိုက်သည်ဟု ခံယူကြပါကုန်။

ဗုဒ္ဓရှင်တော်မြတ် ပရိနိဗ္ဗာန်စံတော်မူသည်မှ သာသနာဝင် အဆက်ဆက် ဆင်းသက်၍လာခဲ့ရာ နှစ်ပေါင်းတစ်ထောင်ကျော်တိုင်အောင်သော ကာလ သတိပဋ္ဌာန်လမ်းစဉ်အရ အပ္ပမာဒခေါ်သော အကျင့်တရားများကို ရဟန်းရှင်လူ ခပ်သိမ်းသောလူအများစုတို့သည် ကောင်းစွာ လေ့လာ ပွားများကြခဲ့ကြပေသည်။ ထိုခေတ် ထိုအခါက ရဟန်းရှင်လူ ခပ်သိမ်းသူတို့၏ သန္တာန်ဝယ် အပ္ပမာဒအကျင့်တရားများ အမြဲမပြတ်ကိန်းဝပ်ကွန့်မြူးခဲ့လေသည်ဟု ထိုထို အဋ္ဌကထာ ဋီကာများနှင့် သာသနာဝင်၊ မဟာဝင်၊ ဒီပဝင် စသော ကျမ်းစာတို့၏ အဆိုစကားဖြင့် ထင်ရှား

ပေါ်လွင်ခဲ့ပေသည်။ ထိုသာသနာတော် နှစ်ပေါင်း တစ်ထောင်ကျော် ခေတ်ကာလက လူအရိယာ၊ ရှင်အရိယာ၊ ရဟန်းအရိယာတို့၏ အကြောင်းအရာများကို ထိုထိုကျမ်းစာတို့က ထုတ်ဖော်ပြဆိုခဲ့ကြလေသည်။

ဤသို့ပင် သာသနာတော်နှစ်ပေါင်း ၁၀၀၀ ကျော်ခေတ်တိုင်အောင် သတိပဋ္ဌာန်တရား ခေတ်စားထွန်းကားခဲ့သော်လည်း ၎င်းမှ နောက်ခေတ်များတွင် တဖြည်းဖြည်းနှင့် ကွယ်ပ မလောက် ကျင့်ကြံသူနည်းပါးပြီး တိမ်မြုတ်ခဲ့ရာ ဆရာနည်းကျကျ နည်းပေးလမ်းပြ ညွှန်ကြားတတ်သူသော်မှ ရှားမှရှားအဖြစ်မျိုးသို့ ရောက်ရှိကာ အဆက်အစပ် ကွယ်ပမလောက် ရှိခဲ့လေ သည်။ သို့သော် လုံးဝကွယ်ပျောက်သည်မဟုတ်ပေ။ ဒေသနာတော်များ ထင်ရှားလျက် အချို့ သူတော်စင် အရှင်မြတ်များ၏ သန္တာန်၌ကား ကိန်းဝပ်မပျက် အစဉ်အဆက် တည်လျက်ရှိနေသည်ကို တွေ့ရှိနေရပေသည်။

ဝိမုတ္တိယုဂခေတ် တစ်ပတ်ပြန် ပရမတ်သံ ကြားရချည်သေးဆိုသည့် စကားရပ်လည်း ရှိပေသည်။ ထိုစကားနှင့်အညီ ယခုအခါတွင် ရဟန်းရှင်လူအများတို့သည် တောတောင်အသီးသီး၊ ရိပ်သာအသီးသီးတို့တွင် မဟာသတိပဋ္ဌာန် ဝိပဿနာအလုပ်ကို အားထုတ်နေကြသည်မှာ မျက်ဝါးထင်ထင်ပင်ဖြစ်ပါသည်။ မြန်မာတင်မက ကမ္ဘာကိုပါ သတိပဋ္ဌာန်တရားသည် ပျံ့နှံ့လျက်ရှိသည်ကိုလည်း သတိပြုမိကြမည်သာ။

ဣမေ သုဘဒ္ဒ ဘိက္ခူ သမ္မာ ဝိဟရေယျုံ။
အသုညော လောကော အရဟန္တေဟိ
အဿ·

ဟူ၍ မိန့်ကြားတော်မူအပ်သော မြတ်စွာ ဘုရားရှင်၏ အဒွေဇ္ဈာစနစကားတော်အရ အဘိညာဏ်မက အရဟတ္တဟူသော ရဟန္တာအဖြစ်သို့တိုင်အောင်လည်း ဆိုက်ရောက်တော်မူနိုင်ကြပါပေသည်။

ပထမ နမောဆရာတော် ရှင်ပုညာရမ္မ

သက္ကရာဇ် ၁၁၃၈–ခုနှစ်၊ သာသနာတော် ၂၃၂၀–ပြည့်နှစ်၌ စဥ့်ကူးမင်းလက်ထက် ကူးခန်းကြီးဆရာစဥ်ပြတ်၍ ကူးခန်းကြီးအနွယ် ဒီပဲယင်း နမောရွာ ရှင်ပုညာရမ္မထေရ် သာသနာကို ဆက်လက် စောင့်ရှောက် တော်မူသည်။

စဥ့်ကူးမင်းလက်ထက်၌ အရုံအတင် စကား ပြောဆိုကြရာ အရုံဘက်က ကျမ်းဂန်သာဓက အကိုးအကား ခိုင်မာစွာနှင့် ပြောကြားသဖြင့် အရုံဘက်က နိုင်လေသည်။ အတင်ဘက်က ဝန်ချရပေသည်။ သက္ကရာဇ် ၁၁၄၂–ခုနှစ်၊ နယုန် လဆန်း ၁၅ ရက်နေ့ အမိန့်တော် ထုတ်ပြန်တော်မူသည်မှာ ပါဠိအဋ္ဌကထာဋီကာသို့ သက်ဝင်ရာ, တရားရှိရာ သာမဏေများကို ရွာသွားရွာဝင် ဝတ်ရုံစေ ဟူသတည်း။

အရုံအတင် စကားပြောကြရာတွင် အရုံဘက်မှ ဦးဆောင်၍ ပြောကြားသော ဆရာတော်သည် အရှင်နန္ဒမာလာ ဘွဲ့အမည်ရှိသော ပုဂ္ဂိုလ်ဖြစ်သည်။ ဗန်ကျီတွင်းတိုက် ပေါက်မြင့်ဇာတိ ဖြစ်၏။ စလင်းမြို့ ရွှေကျောင်း၌ ဝါဆို၍ စာပေ ကျမ်းဂန် ပို့ချကာနေ၏။ သာမဏေများကို ရွာသွားရွာဝင် လက်ကန်တော့ တင်စေသော အတင်ဂိုဏ်းသားတို့အား ဝိနည်းကမ်းနှင့်မညီဟု ပြောဆိုဆုံးမ၏။ ပါဠိအဋ္ဌကထာဋီကာတို့၌ လာသော ဝတ်ရုံနည်းကိုပြ၍ စာပေစီကုံး ရေးသားတော်မူသည်။

အရှင်နန္ဒမာလာ၏ သတင်းကောင်းကို ကြားသိရသဖြင့် စဥ့်ကူးမင်းသည် အင်းဝသို့ ပင့်စေ၍ ရွှေမြို့တော်မှ သေနံအရပ် ရေနန်းတော် ၌ တည်းခိုသီတင်းသုံးစေ၏။ အရှင်နန္ဒမာလာသည် မင်းတရားကို သာမဏေတို့ ရွာသွားရွာဝင် ကာလတို့၌ ဝတ်ရုံသင့်ကြောင်း ဝိနည်းကျမ်းဂန် ညွှန်ကြား၍ သိစေတော်မူသည်။ သို့ကြောင့် လည်း မင်းတရားကိုယ်တိုင် သဘောပေါက်၍ နောက်က ဆိုအပ်ပြီးသော အမိန့်တော်ကို ထုတ်ပြန်လိုက်ခြင်း ဖြစ်သတည်း။

## ဒုတိယ နမောဆရာတော် ရှင်ဝိစာရိန္ဒ

သက္ကရာဇ် ၁၁၄၃–ခုနှစ် အလောင်းမင်းတရား၏ သားတော် အလတ် ပဒုံမင်းသည် တပို့တွဲလပြည့်ကျော် ၁၄ ရက်နေ့တွင် နန်းတက် တော် မူ၏။ ''သုသိရီဓမ္မရာဇာ'' ဘွဲ့ကိုခံယူ၏။ ပဒုံမင်း လက်ထက်၌ အရုံဂိုဏ်း, အတင်ဂိုဏ်းတို့ကို မကြောက်မရွံ့ ရှင်းလင်းပြောဆိုကြစေ အမိန့် တော်ရှိ၍ တွင်းသင်းဝန် ဦးထွန်းညိုတို့ နေ့စဉ် သွားရောက်၍ လျှောက်ကြားစေရာ အတင်ဂိုဏ်းဆရာတို့သည် ရှေးနည်းတူ ဝန်ခံကြ သဖြင့် မင်းတရားကြီး များစွာနှစ်သက်တော်မူသည်။

ပဒုံမင်းတရားသည် အမရပူရမြို့ကို တည်ပြန်သည်။ မြို့တော် တည်ပြီးနောက် မင်းအို ဆရာတော်, ဆုံထားဆရာတော်, မန်လည်ဆရာ တော်, မင်းရွာဆရာတော် ဤဆရာတော်လေးပါးကို သာသနာပြု အပ် နှင်းတော်မူသည်။ ထို့ပြင် ညောင်ကန်ဆရာတော်, ရွှေတောင်ဆရာတော်, ဆင်တဲဆရာတော်, မဲထီးဆရာတော်, မှန်ကင်း ဆရာတော်တို့အားလည်း သာသနာပြု အပ်နှင်းတော်မူသည်။

နမောရွာ အရှင်ပုညာရမ္မ၏တပည့် အရှင် ဝိစာရိန္ဒကိုလည်း နမော ဂိုဏ်းအုပ် ခန့်အပ်ချီး မြှောက်တော်မူသည်။

# သီးလုံးဆရာတော်၏ထေရုပ္ပတ္တိ

## သီးလုံးဆရာတော်

သက္ကရာဇ် ၁၁၈၁–ခု၊ သာသနာတော် ၂၃၆၃–ခုနှစ်တွင် အမရပူရမြို့တော်၌ နောင်တော်ကြီး နန်းတက်တော်မူသည်။ မင်းတုန်းမင်းကို ထောက်၍ ဘကြီးတော်ဟူ၍လည်း ခေါ်ဝေါ်ကြသည်။ အင်းဝမြို့ကို တဖန် တည်သောကြောင့် ရတနာပူရ စတုတ္ထမြို့တည်မင်းဟူ၍လည်း ခေါ်သည်။ ထိုမင်းလက်ထက်၌ ဒုတိယ နမောဆရာတော် ပျံလွန်တော်မူ၍ ဒီပဲယင်း သာသနာဆက် ပြတ်သည်။ (ရွှေကျင် သာသနာဝင်ကိုသာ ဆိုလိုသည်)။ ဒုတိယ နမောဆရာတော်တပည့် သီးလုံးရွာတောရ ဆရာတော် အရှင်စန္ဒိမာ ဆက်လက်၍ သာသနာပြုတော်မူသည်။

သက္ကရာဇ် ၁၁၉၉–ခုနှစ်၊ သာသနာ ၂၃၈၁–ခုနှစ်တွင် ညီတော် သာယာဝတီမင်း နန်းတက်၏။ ရွှေဘိုမင်းလည်း ခေါ်၏။ အမရပူရမြို့ကို ၂ ကြိမ်မြောက် တည်သောကြောင့် ဒုတိယအမရပူရမြို့တည်မင်းဟူ၍လည်း တွင်၏။ ရွှေဘိုမင်းသည် သီးလုံးကောရဆရာတော် အရှင်စန္ဒိမာကို ဂဏဝိမုတ် အမိန့်ထုတ် ပြန်တော်မူ၍ အခြားဂိုဏ်းတို့ အလွတ်ဂိုဏ်း သီးခြားအဖြစ်ဖြင့် ကိုးကွယ်တော်မူသည်။ ထို့နောက် ''စန္ဒိမာဘိဝံသ သိရီသဒ္ဓမ္မဓဇ မဟာဓမ္မရာဇာဓိ ရာဇဂုရု'' တံဆိပ်တော်ကို ကပ်လှူတော်မူသည်။

ရွှေဘိုမင်းလက်ထက်၌ မင်းတုန်းမင်းသားသည် မင်းသားကြီးနေရာ၌ ခစားခွင့်ရ၍ လွှတ်ရုံး သို့ တက်ရောက် တရားစီရင်ရ၏။ ထိုအခါကပင် မင်းတုန်းမင်းသည် သီးလုံးဆရာတော်ကို ကြည်ညိုခဲ့ပေသည်။ ဘုရင်မင်းအဖြစ်သို့ ရောက်ကာလ နေပြည်တော်သို့ပင့်ရာ ကြွရောက်တော်မမူသဖြင့် သီးလုံးရွာ၌ပင် "ရတနာဘုံစံ" ဟူ၍ ကမ္ပည်းတင်သော ကျောင်းတော်ကို ဆောက်လုပ်၍ လှူဒါန်းတော်မူသည်။

သီးလုံးဆရာတော်သည် ဝိနည်းအဆုံး အဖြတ်နှင့်တကွ မူလပဏ္ဏာသ အဋ္ဌကထာနိဿ, ကုလဒူသကဝိနိစ္ဆယ, ဂမ္ဘီရတ္ထဒေသနာကျမ်းများကို ရေးသားတော်မူခဲ့သည်။

ဝိနည်းအဆုံးအဖြတ်များတွင် ဒွိသန္တက ဝိနိစ္ဆယတစ်ရပ်ကို ဖော်ပြခြင်း ဖြင့် စာရှုသူပုဂ္ဂိုလ်များ ကျေးဇူးရှိရာသည်ဟု မြော်လင့်သည်။

ကျမ်းဂန်လာသည့် ဒွိသန္တက အစစ်မှာ တစ်စုံတစ်ယောက်သော ဒါယကာသည် နှစ်ယောက်သော ရဟန်းတို့အား ဤဝတ္ထုကို (သင်္ကန်းစသော ကပ္ပိယပစ္စည်း) ကိုယ်တော်တို့ သုံးဆောင်တော်မူပါဟု ဆို၍ လှူသောပစ္စည်းကို ထိုရဟန်းနှစ်ဦးတို့သည် ထက်ဝက်စီပိုင်၏။ အကယ်၍ ရဟန်းတစ်ဦးက အလိုမရှိမူ၍ အရှင် ဘုရားသာ သုံးပါတော့ဟု လှူအံ့၊ ကျန်တစ်ပါးသာပိုင်တော့သည်။ နှစ်ယောက်ပိုင်ဆိုင်သော အချိန်၌ တစ်ယောက်က ငါသာရလိုသည်ဟု အစိုးတရ မယူအပ်၊ မယူကောင်း၊ ရဟန်း နှစ်ယောက်တွင် တစ်ယောက်ယောက်သေက ကျန်သောရဟန်း ရ၏။ ဤသည်ကား ဒွိသန္တက အစစ်ဖြစ်၏။

ဒွိသန္တကအစစ်နှင့်လျော်သော ဒွိသန္တက အတုမှာ တစ်ဦးသော ရဟန်း၏ ပစ္စည်းကို မိမိနှင့်သဘာဂဖြစ်သော အခြားရဟန်းအား ငါ့ရှင် အလိုရှိလျှင် အလိုရှိတိုင်း သုံးပါ၊ ငါအလိုရှိလျှင်လည်း သုံးပါမည်၊ နှစ်ဦးပိုင် ဒွိသန္တက ဖြစ်ပါစေဟုဆို၍ပြုလျှင် ဒွိသန္တက ဖြစ်၏ဟု ကျမ်းဂန်တတ် ဆရာကြီး ဆရာမြတ်တို့ ပြောရိုးပြောစဉ်ရှိသည်၊ ထိုဆရာမြတ်တို့၏

စကားသည် ဝိဿာသဂါဟနှင့်လျော်သည်ဟု မိန့်ဆိုကြသည်။

ဝိဿာသဂါဟလက္ခဏာမှာ-

၁။ ပစ္စည်းရှင် အသက်ရှင်သည်လည်း ဖြစ်စေ၊

၂။ အလိုရှိတိုင်း သုံးဆောင်ပါဟု နှုတ်မြွက်ဆိုဖူးသည်လည်း ဖြစ်စေ၊

၃။ သုံးဆောင်လျှင် ဝမ်းမြောက်သည်လည်း ဖြစ်စေ။

ဤ အင်္ဂါ လက္ခဏာသုံးပါးနှင့်ပြည့်စုံမှ ဝိဿာသဂါဟ မြောက်၏။ မပြည့်စုံလျှင် မမြောက်။

ဒွိသန္တကပင် ဖြစ်သော်လည်း နောင်တဖန် တစ်စုံတစ်ခုသော အကြောင်းကြောင့် နှလုံးမသာ ရှိ၍ ပစ္စည်းရှင်ရဟန်းက ဒွိသန္တက မပြုလိုပြီ။ ငါ့ပစ္စည်းကို ငါသာ သုံးဆောင်တော့မည်။ ငါ့ရှင် သုံးဆောင်ခြင်းကို အလိုမရှိဟုဆိုလျှင် ပစ္စည်းရှင်၏ပစ္စည်းပင် ဖြစ်တော့သည်။ အခြားရဟန်းသည် မသုံးဆောင်ပိုင်၊ မသုံးဆောင်ရပြီ။ ဒွိသန္တက ပြုလုပ်သည်ဆိုကာမတ္တဖြင့် ဒွိသန္တက မဖြစ်၊ ဝိဿာသဂါဟလည်းမဖြစ်။

ဝဇိရဗုဒ္ဓိဋီကာလာ ဒွိသန္တက တစ်နည်းမှာ-

ဒွိသန္တက ပြုလိုသော ရဟန်းနှစ်ပါး သုံးပါးတို့သည် ဒွိသန္တက ပြုလုပ်မည့် ပစ္စည်းကို သီလကို ချစ်မြတ်နိုးသော သီလရှိသော ရဟန်း တစ်ပါးအား ပေးစွန့်ကြရ၏။ သီလရှိသော ရဟန်းကတစ်ဖန် ထိုပစ္စည်းကို ဒွိသန္တက ပြုလိုကြသော ရဟန်းတို့အား ငါ့ရှင်တို့ အလိုရှိတိုင်း သုံးဆောင် ကြလော့ဟု ပြန်၍ ပေးစွန့်ရ၏။ ဤသို့ ပြုခြင်းဖြင့် ထိုရဟန်းတို့သည် ထိုပစ္စည်းပရိက္ခရာ ၌ တူညီသော ပိုင်ဆိုင်သူတို့ ဖြစ်လာကြလေသည်။ ဤသမာန ပရိက္ခာရိက လက္ခဏာသည် ပါဠိတော်၌လာသော လက္ခဏာ၌ အတွင်းဝင်သောကြောင့် နိုင်မြဲသော ဒွိသန္တကလက္ခဏာ ဟု ဆိုကြကုန်၏။

အပရေဆရာတို့ကား အထက်ပါ ဒွိသန္တက ဝါဒကို မနှစ်သက်၍ ပယ်ကြသည် ဟူ၏။ ဤသို့ အပရေဆရာတို့သည် အနုဂဏ္ဌိပုဒ်၏ ဝါဒကို မနှစ်သက်ယောင်ပြု ပြသော်လည်း ရှေ့ဝါဒ နောက်ဝါဒနှစ်ပါးသည်

လုံတောသနစာကြည့်တိုက်
...တော်ထွန်းကားပြန့်ပွားရေးဦးစီး၅၁ခ
ထမ္မာ ၁ အေး၊ ရန်ကုန်။

သီးလုံးဆရာတော်၏ [illegible]
အသင့်ပင်ဖြစ်၏ ဟု မှတ်ယူရာ၏။

မှတ်ချက်။ ။ သီးလုံးဆရာတော်ကြီး၏ ဗွိသန္တကအဆုံးအဖြတ်၌ ခေတ်အားလျော် သင့်ရုံ အနည်းငယ် စကားသုံးပြင်ခြင်း, သာဓက ပါဠိ အနက်တို့ကို မြှုပ်၍ အဓိပ္ပာယ်မပျက်စေဘဲ ထည့်သွင်းအပ်ပါသည်။ (ရွှေကျင်သာသနာဝင်)

## သီးလုံးဆရာတော်နှင့် ကင်းတောရဆရာတော်

ရှေးဆရာတော်များသည် ပရိယတ်ကို လက်မလွှတ်။ စာချချိန်ချ၍ တရားအားထုတ်ချိန် ထုတ်ကြသည်။ တွဲ၍လုပ်တတ်မှုကြ၏။ ခွဲ၍လည်း မရပေ။ မဟာစည်ဆရာတော်ကြီးလည်း ဤသို့ပင် ကျင့်ဆောင်တော်မူသည်။ မြန်မာပြည် အရပ်ရပ်ရှိ စာချဘုန်းကြီးများလည်း ဤသို့ပင် သီးသန့်အချိန်ထား၍ လုပ်ဆောင်တော်မူကြသည်။ တရား အားထုတ်မှန်းပင် အသိမခံကြ။ အကြောင်းကြောင်း ပြည့်စုံ၍ အလွန်လိုအပ်သော အခါမှ အလွတ်အကျွတ် ဆောင်တော်မူကြသည်။

သီးလုံးဆရာတော်ထံ ထရံကာဆရာတော် (နောက်– ထရံကာ လူထွက်ကြီးဦးအုံးညွန့်) ဖြစ်လတ္တံ့သော သူငယ်ကို ကျောင်းသားအဖြစ် အပ်နှံလက်ခံမည့်ညဉ့် ဆင်ဖြူတော်ကလေး တစ်စီး လှေကားရင်း၌ လာဝပ်သည်ဟု အိပ်မက် မြင်မက်တော်မူကြောင်း 'ပစ္စယတ္တာ ဝဗောဓနီ ကျမ်းနိဒါန်း' ၌ တွေ့ရ၏။ ထို့အတူ ကျောင်းတော်ရာ ရွှေကျင်ဆရာတော် လောင်းလျာ ရောက်လာမည့်ညတွင်လည်း အရောင်အဝါ လွန်စွာ တောက်ပသော သောကြာကြယ်ကြီး ရင်ခွင်သို့ ထိုးဝင်ကျရောက်သည်ဟု မြင်မက်တော်မူကြောင်း 'ကျောင်းတော်ရာ ဆရာတော် ထေရုပ္ပတ္တိ' ၌ ဖတ်ရှုရသည်။ ဘုန်းကံရှိသော ပုဂ္ဂိုလ်တို့၌ အိပ်မက်စသော ရှေ့ပြေး နိမိတ်များ ဖြစ်ပေါ်တတ်သည်ဟု 'သုတ်မဟာဝါ အဋ္ဌကထာ' ၌ မိန့်ဆို ထားသည်ကိုလည်း သတိမူကြရာ၏။

၂၇၉၆၈

# သီးလုံးဆရာတော်၏ခန္တီတရား

ခန္တီတရားပူဇော်ပွဲ

သီးလုံးဆရာတော်ဘုရားကြီးကား ငယ်စဉ်ကပင် သည်းခံခြင်း အင်အား ကြီးမား၏။ ပူမှု၊ အေးမှု၊ ဆင်းရဲချမ်းသာမှု၊ ခိုးမွမ်းကဲ့ရဲ့မှုစသော ကောင်းဆိုးနှစ်တန် လောကဓံကို ခံနိုင်ရည်ရှိမှုသည် အထွတ်အထိပ် ရောက်လိုသူတိုင်း၏ အခြေခံအင်အားကြီးပင်တည်း။

ဆရာတော်ဘုရားကြီး ငယ်စဉ်ကာလ ကိုရင်စန္ဒိမာဘ၀က တစ်နေ့ သောအခါ ရေကန် တစ်ခု၌ ရေချိုးနေခိုက် အတူနေ ကိုရင်ကြီး တစ်ပါးက သူ၏သင်္ကန်းများ ဝှက်ထား၏။ ကိုရင် စန္ဒိမာကလေးမှာ ရေချိုးပြီး လဲလှယ်ရန် သင်္ကန်း မရှိ။ အအေးပတ်ကာ ခိုက်ခိုက်တုန်နေတော့ သည်။ အတန်ကြာလျှင် သင်္ကန်းဝှက်ထားသော ကိုရင်ကြီးရောက်လာ၏။ သင်္ကန်းမပေးသည့် အပြင် ဟိုနှယ်ဒီနှယ် ကျီစယ်ပြောဆိုကာ ညှဉ်းဆဲသည်။ ကိုရင်စန္ဒိမာလေးကား စိတ်မဆိုး။ ရှိရှိ သေသေပင် ပြောဆို၍ မရသည့်အဆုံး သည်းခံပြီး ရေစိုသင်းပိုင်နှင့်ပင် ဆိတ်ဆိတ်နေလိုက်၏။

ကိုရင်ကြီးကား အားရအောင်ကျီစယ်ပြီး ထွက်သွား၏။ အခြား အဖော်များက သနား၍ သင်္ကန်းယူပေးကြသည်၊ ကိုရင်ကြီးကား ထိုမျှဖြင့် မကျေနပ်သေး။ ကိုရင်စန္ဒိမာ သင်းပိုင်ရော ကောသီပါ လဲလှယ်ပြီးသော အခါ ပုန်းကွယ်နေရာမှ ရေအိုးကို ဆွဲပြီးထွက်လာကာ ပြုန်းခနဲ လောင်းချ

ပြန်သည်။ တစ်ကိုယ်လုံးရွဲရွဲစိုနေသော်လည်း ကိုရင်စန္ဒိမာကား အပြုံးမပျက်။

"ဒီကောင် သည်းခံတယ်ဆိုတာ ငါမယုံလို့ စမ်းတာကွ" ဟု ကိုရင်ကြီးက ဆို၏။

အနှစ်လေးဆယ်ကျော် ငါးဆယ်အချိန် ထိုအဖြစ်အပျက်ကလေးသည် ပြန်၍ ပေါ်လာ၏။ အောက်ပြည်အောက်ရွာ၌ ချမ်းသာကြွယ်ဝနေသော လှေသူကြီးတစ်ဦးသည် ငါးပိ၊ ငါးခြောက်၊ စားသောက်ဖွယ်များ၊ လှူဖွယ်ပစ္စည်းများကို လှေကြီးနှင့် အပြည့်တင်လာကာ စုပြုံလှူဒါန်းရာ ခေါင်းပါးလှသော တောရကျောင်းအတွက် အသဒိသအလှူကြီး ဖြစ်နေတော့၏။ လှေသူကြီးက ဆရာတော်အား အကြောင်းစုံ တောင်းပန်လျှောက်ထားသောအခါ–

"နေအုံး–နေအုံး ဒကာကြီး၊ ဟောဟိုနားမှာ ဆွဲထားတဲ့ တုံး(ခေါင်း)ကလေးကို ခေါက်လိုက်။ ခဏစောင့်အုံး"ဟု မိန့်တော်မူ၏။

တုံးခေါက်အချက်ပေးလိုက်လျှင် တောရကျောင်းရှိ ရဟန်း ကိုရင်သုံးဆယ်ခန့် ဆရာ တော်ရှေ့မှောက် ရောက်လာကြသည်။

"ကဲ ဒကာကြီး၊ ဒီလောက်များပြားတဲ့ စားသောက်ဖွယ်တွေကို ဘယ်အတွက်လှူတယ် ဆိုတာ ဦးပဉ္စင်း ကိုရင်များကို လျှောက်ပါအုံး" ဟု ဆရာတော်က အမိန့်ရှိလိုက်သည်။

ထိုအခါ လှေသူကြီးက "၎င်းသည် ငယ်စဉ်က ဆရာတော်နှင့် ရင်းနှီး ချစ်ခင်သော စာသင်ဘက်ဖြစ်ကြောင်း၊ ရဟန်းဖြစ်ခါနီးအထိ စာကြီး ပေကြီးများကို သင်ခဲ့ရကြောင်း၊ ကိုရင်စန္ဒိမာ၏ သည်းခံပုံကို မယုံ၍ လက်တွေ့စမ်းခဲ့မိကြောင်း၊ သီးလုံးဆရာတော်ဟု ကျော်ကြားလှ၍ စုံစမ်း သောအခါ ကိုရင်စန္ဒိမာ ဖြစ်နေသည်ကို ကြားသိရ၍ မိမိပြုလုပ်မိသည်ကို အကြီးအကျယ် နောင်တဖြစ်ကြောင်း" လျှောက်ထားရာ ဦးပဉ္စင်း ကိုရင်များမှာ အထူးစိတ်ဝင်စားနေကြ၏။ ကိုရင်ငယ်များမှာလည်း စား

သောက်ဖွယ်များကို ကြည့်၍ ပီတိဖြစ်နေကြသည်။

''သာသနာတော်မှာ သည်းခံခြင်း အကျင့်ဟာ အမြင့်မြတ်ဆုံး ဖြစ်သလို သည်းခံတဲ့ပုဂ္ဂိုလ်ကို တစ်နည်းနည်းနဲ့ အနိုင်ယူ နှိပ်စက်တဲ့လူ ဟာလဲ ငရဲအကြီးဆုံး၊ အနစ်နာဆုံး ဖြစ်နေပါပေါ့ကလားဆိုပြီး တစ်နေ့ တစ်ခြား ထိတ်လန့်လာလို့ ပြစ်မှားမိတဲ့အပြစ်များ ကျေပျောက်ပါစေရန် ဆရာတော်ကို လာကန်တော့တာပါပဲဘုရား'' ဟု လေ့သူကြီးက ဆက်၍ လျှောက်ရာ ဆရာတော်ကလည်း–

''ကဲ့မောင်ပဥ္စင်းတို့ ကြားတဲ့အတိုင်းပဲ ဒကာကြီးဟာ ဆရာသမား အဆုံးအမရလို့၊ စာတွေပေတွေလဲ တတ်လို့ ဒီလိုဆင်ခြင်နိုင်တာ။ သာသနာမှာ အမြင့်မြတ်ဆုံး တရားကြီးပဲ။ ခန္တီ ရှိမှ သီလ, သမာဓိ, ပညာ သိက္ခာ သုံးပါး ဖြစ်ပေါ်နိုင်တာ။ ဘုရားရှင်အဆူဆူတို့လဲ 'ခန္တီပရမံ တပေါ တိတိက္ခာ'ဆိုပြီး လိုရင်း အဆုံးအမတော်ကြီးအဖြစ် ထားတော်မူ ကြတယ်။

''ခန္တီရှိမှ သီလကို လွယ်လွယ်နဲ့ စောင့်ထိန်းနိုင်တယ်။ မေတ္တာ, သမာဓိ စသော သူတော်ကောင်းတရားတွေဟာ လွယ်လွယ်နဲ့ ဖြစ်ပေါ်လာ နိုင်တယ်။ အတွင်းရန် အပြင်ရန်တွေကိုလဲ နိုင်တယ်။ ဒီသူတော်ကောင်း တရားကြီးတွေကို မသတ်ရဘူး။ ဒီတရားကြီးတွေ ထွန်းကားမှ၊ အသက် ရှည်မှ ပစ္စုပ္ပန်ချမ်းသာ၊ သံသရာချမ်းသာ ရကြမှာ ဖြစ်တဲ့အလျောက် စောင့်ရှောက်ကြရမယ်။ အသက်ဆက်ပေးကြရမယ်။

''ဒကာကြီးကလဲ ဒီပစ္စည်းတွေကို ဘုန်းကြီးကိုလဲ မလှူနဲ့၊ ဒီသံဃာ တော်တွေကိုလဲ လှူဖို့ မဟုတ်ဘူး။ ဘုရားရှင် အဆူဆူ ချီးကျူးဆုံးမ တော်မူတဲ့ အဆုံးအမဩဝါဒအချုပ် ဒီခန္တီ သူတော်ကောင်းတရားကြီးကို ပူဇော်တယ်လို့ မှတ်ယူရမယ်။

''ဒီက မောင်ပဥ္စင်း ကိုရင်များကလဲ ဒီသက်နှုံးထီးဖိနပ်နှင့်တကွ ဒီစားဖွယ်တွေကို ဒီဒကာကြီးက လှူလို့၊ ဘုန်းကြီးက ပေးလို့ မမှတ်

ကြနဲ့။ ခန္တီတရားကြီးက ပေးတယ်လို့ မှတ်ရမယ်'' ဟု ရာသက်ပန်မျှ သာမက သားစဉ် မြေးဆက် မှတ်သားလောက်အောင်ပင် ဟောကြား တော်မူ၏။ (မန္တလေးမြို့ ရတနာပုံ ပုဂံ တိုက်မောင်းထောင်ဆရာတော် ဦးကလျာဏ အမိန့်ရှိချက်။)

တောတွင်း၌နေပါလျက် မင်းမိဖုရားတို့၏ ကိုးကွယ်အပူဇော်ခံရခြင်း၊ ဈာန်အဘိညာဉ် သမာပတ်နှင့်တကွ ပရိယတ်, ပဋိပတ်အရာ၌ သူမတူ အောင် ထက်မြက်တော်မူခြင်း၏ အကြောင်းရင်း ပဓာန ဓမ္မအင်အားကား အားကျ ဖွယ်ကောင်းလှပေသည်။

(သဒ္ဒတ္ထပရမာ အတ္ထာ၊ ခန္တျာဘိယျော နဝိဇ္ဇ တိ။ ။ သဂါထာ, ဝေပစိတ္တသုတ်။)

## ကင်းတောရ ဆရာတော်ဆွဲဆောင်ပုံ

သီးလုံးဆရာတော်သည် မင်းတုန်းမင်း လက်ထက် ပရိယတ်အရာ၌ လွန်စွာထင်ရှား ကျော်စော၏။ သီးလုံးရွာ၌ တပည့်များတို့အား စာပေပို့ချ လျက်နေစဉ် ယေ်စဉ်က နာမည်ကျော် နမောဆရာတော်ထံ စာအတူ သင်ဘက် မိတ်ဆွေရင်းဖြစ်သော ဦးခေမာစာရသည် ညနေချမ်းအချိန် တိုင်း သီးလုံးကျောင်းသို့ ကြွရောက်လေ့ရှိ၏။ ဦးခေမာစာရကား မင်းကွန်း မြောက်ဘက် ကင်းတောရ၌ ပဋိပတ်အလုပ်ဖြင့်သာ နေတော်မူ၏။ ကင်းတောရဆရာတော်ဟု တွင်သည်။

ကင်းတောရဆရာတော်သည် အလွန်ဝေး ကွာသော ရွှေဘိုခရိုင် သီးလုံးရွာကျောင်းသို့ ညနေတိုင်းလိုလို ကြွရောက်ကာ ပရိယတ်, ပဋိပတ် အကြောင်းများကိုသာ ဆွေးနွေးလေ့ ရှိသည်။

''ကိုသီးလုံး ကျုပ်တို့တော့ မင်းအကိုးကွယ် ခံပြီး ဂန္ထဓုရလောက်နဲ့ တော့ မသေဝံ့ဘူး''ဟု အစချီကာ မဂ်ဖိုလ်နှင့်စပ်သောစကားများ၊ နိဗ္ဗာ နဓာတ်ကြီးအကြောင်း ယခုအခါ အဘိညာဉ် ရနိုင်ပုံ၊ သမထ, ဝိပဿနာ

အလုပ်ခွင်၌ သိပုံ၊ မြင်ပုံ၊ တန်ဖိုးကြီးပုံတို့ကို စာတွေ့လက်တွေ့ နှီးနှော၍ ဆွေးနွေး၏။ မိမိကဲ့သို့ တရားချမ်းသာကို ရရှိခံစားစေလိုသော စေတနာ အပြည့်ဖြင့် မသိမသာ ဆွဲဆောင်တော်မူ၏။ တန်ဖိုးမဖြတ်နိုင် သော မိတ်ဆွေကောင်းကြီးအဖြစ် ညွှန်ပြတော်မူ၏။ သို့ရာတွင် သီးလုံးဆရာတော် ကား ပရိယတ္တိကိုသာ လွန်စွာ ပမာဏပြု၏။ စိတ်သန်၏။

## စာတွေ့နှင့်လက်တွေ့

ကင်းဆရာတော် အမိန့်ရှိသော ဈာန် မဂ်ဖိုလ်တရားများနှင့် စပ်၍ လာတိုင်း ပါဠိ၊ အဋ္ဌကထာနှင့် တိုက်ရိုက်ညီညွှတ်မှသာလျှင် ထောက်ခံ ပြောဆို၏။ မညီညွှတ်ဟု ထင်မြင်သောအရာ၌ ကန့်ကွက်၏။ ငြင်းဆန် ၏။ ပဋိပတ် အလုပ်စခန်းတွင် အချို့နေရာ၌ ချွတ်စွပ်အံမဝင်သောအရာ များလည်း ရှိနိုင်ကြောင်း ကင်းဆရာတော်က ရှင်းပြ၏။ သီးလုံးဆရာတော် ကား ထိုအရာမျိုးတွင် လက်မခံလို၊ အကြောင်းယုတ္တိ သာဓက အမျိုးမျိုး ပြကာ လျှောက်လဲ၏။

''ကိုသီးလုံး၊ ဥတ္တရိမနုဿဓမ္မ (လောကုတ္တရာစခန်း)အရာ၌ ထင်မြင် တွေ့ရှိသည်များမှာ အချင်းခပ်သိမ်း ကျမ်းဂန်အဆိုနှင့် တကြိတည်း ညီညွှတ်မှ မှန်ကန်သည်မဟုတ်ချေ။ ကျမ်းဂန်တွင် မလာသောအရာတို့ ကား များစွာ၏။ ကျမ်းဂန်ဟူသည် ပုဂ္ဂိုလ်အစားစား၊ စရိုက် အစားစား၊ ဉာဏ်အစားစားသို့လိုက်၍ ယေဘုယျ နည်းမျှသာ ဖြစ်ပေ၏။ ကျမ်းဂန်ကို မှားသည် ဟုကား ဆိုဘွယ်မရှိ။

''သုတ္တဟူသည် တံမျဉ်းချည် ဟူသည့် အတိုင်း လက်သမားတို့ စူးဆောက်ဖောက်ရန် သာမန်အလျာအတားမျှဖြစ်၍ အမှန်တကယ် ဖောက်ထွင်းသောအခါ အကွေ့အကောက် အတိမ်အနက် တသမတ် တည်း မတူရာချေ။ တံမျဉ်းချည်ရာကို လွှတ်၍လည်း မဖောက်ထွင်း သကဲ့သို့ ဘုရားရှင်၏ သုတ္တများလည်း ထို့အတူပင်ဖြစ်သည်။ စရိုက်

အားလုံးနှင့် ခြုံငုံမိရုံ သဘောအချုပ်မျှသာ ရှိပေ၏။ များသောအရာလည်း မရှိစကောင်း။

''ကျမ်းဂန်နှင့် အလုံးစုံမညီညွတ်လျှင် ရှာန် အဘိညာဉ် မဂ်ဖိုလ် နိဗ္ဗာန်မရနိုင်ပြီဟု မယူသာချေ။ ဘုရားဟော ဒေသနာသည်ကား စင်စစ် အားဖြင့် ဖြည့်စွက်ပယ်နုတ်ရန်မလို၊ အလုံးစုံ ပြည့်စုံ၏။ မိမိကိုယ်တွေ့ကို စာနှင့်ညှိနိုင်းသည့် အသိဉာဏ်သာလိုပေ၏'' ဟု ကင်းဆရာတော်က ရှင်းလင်းမိန့်ကြားသည်။

မှန်ပါပေ၏။ မြတ်စွာဘုရားသည် သံယုတ် ပါဠိတော် 'သက္ကာသန သုတ်နှင့် မဟာသီဟ နာဒသုတ်'တို့၌ သစ္စာလေးပါးအကြောင်းကို ပြောဟောရန် အလွန်ကျယ်ဝန်းလှ၍ အက္ခရာစာပင် မလောက်နိုင်ဟု ဟောတော်မူခဲ့၏။ ဟောထားသမျှသည် လိုရင်းအနှစ်သာရအကျဉ်းချုပ်မျှ သာရှိပေသေးသည်ဟု ဆိုလိုပေသည်။ ထိုအကျဉ်းချုပ်ပင် သံဂါယနာတင် ပေထက်တင်သောအခါ သာ၍ပင် ကျဉ်းကျုံ့သွားပေလိမ့်မည်။

တချို့က မြတ်စွာဘုရားသည် ယင်းတိုက်တော၌ သီတင်းသုံးတော် မူစဉ် သိလျက် မဟောသောတရားက များပြား၍ ဟောသောတရားက အနည်းအကျဉ်းမျှသာရှိကြောင်း ယင်းတိုက်ရွက်များကို လက်ပေါ်တင်၍ ရဟန်းတို့အား ထိုဥပမာ ပေးဟောခဲ့ဖူးပေ၏။ ထိုအချက်များသည် ကင်း ဆရာတော် အမိန့်ရှိချက်များအတွက် ထောက် တည်ရာ ဖြစ်ပေလိမ့်မည်။

ကင်းဆရာတော်သည် သီးလုံးသို့ ကြွတိုင်း ကြွတိုင်း လက်တွေ့ အလုပ်စခန်းနှင့် မစပ်–စပ်အောင် အကြောင်းရှာ၍ ဆွဲဆောင်တော်မူ သော်လည်း သီးလုံးဆရာတော်ကား လက်တွေ့ထက် စာတွေ့ကိုသာ ပမာဏမူ၍ စာကိုသာ ဆုပ်ကိုင်ထားမြဲဖြစ်၏။ ကင်းဆရာတော်ကမူ ပရိယာယ် မျိုးစုံဖြင့် သည်းခံ၍ ဆွဲဆောင်တော်မူ၏။ နောက်ပိုင်းကာလ တွင်ကား စကားများများ မပြောဟောတော့ပေ။ လက်တွေ့သို့ ရောက် အောင်သာ တိုက်တွန်းတော်မူ၏။

## နောက်ဆုံးသြဝါဒ

နောက်ဆုံးကြွရောက်သောအခေါက်တွင်ကား ကင်းဆရာတော် သည် အပ္ပမာဒသတိဖြင့်သာ သီတင်းသုံးကာ ဟောပြောဆွေးနွေးခြင်း နည်းသွားလေသည်။ ''ကဲ့ ကိုသီးလုံး ပြန်ဖို့သင့်ပြီ''ဟု မိန့်ကာ နေရာမှ ထတော်မူ၏။ သီးလုံးဆရာတော်လည်း ခါတိုင်း ပို့နေကျတော စပ်အထိ လိုက်ပို့၏။ တောစပ်ရောက်လျှင် ရပ်တန့်၍ သီးလုံးဆရာတော်ဘက် လှည့်လျက်–

''အင်း ကိုသီးလုံး မြတ်စွာဘုရား၏ ပါဠိတော် ဒေသနာတော်တွေ ကတော့ စစ်မှန်ရုံမျှသာမက ပူပူနွေးနွေးမျှသာ ရှိပေသေး၏။ သဒ္ဓါ၊ ဝီရိယသာ လိုပေသည်။ ကိုသီးလုံးလဲ သာသနာတော်နှင့် ကြုံကြိုက်တဲ့ အခါ သဒ္ဓါ၊ ပညာ ညှိ၍ မြဲမြံသော သတိကို ဝီရိယကြီးကြီးနှင့် ထူထောင် ရစ်ပေတော့''ဟု မိန့်တော်မူ၍ ပြောပြောဆိုဆို သင်္ကန်းတော်ကို ခါတွက်၍ ထိုနေရာမှပင် ကောင်းကင်သို့ တက်ကြွတော်မူလေ၏။

သီးလုံးဆရာတော်လည်း အလွန်အမင်း အံ့အားသင့်ကာ လက်အုပ် ချီ မတ်တပ်ရပ်လျက် ငေးမော ကျန်ရစ်တော့သည်။ အချိန်မည်မျှ ကြာသွားသည်ကိုပင် သတိမမူမိ။ ထက်ကြပ် မကွာ လိုက်ပါလိုသော ဆန္ဒနှင့် သဒ္ဓါ၊ ဝီရိယတို့သာ တဖွားဖွားဖြစ်ပေါ်နေ၏။ သာသနာတော် အတွက် ဝမ်းသာ၍လည်း မဆုံးနိုင်တော့ပေ။ မိမိ ထံ ညနေချမ်းတိုင်းလိုလို မင်းကွန်းမှ ကြွလာနိုင်ပုံ ကို ယခုမှပင် သတိပြုမိတော့သည်။ ဟောကြား ဆွေးနွေးသောတရားများကိုလည်း ယခုမှပင် ''ဒို့ကြောင့်ကိုး''ဟု သဘော ပေါက်လေတော့ သည်။

ကျမ်းဂန်ပါဠိများကိုရွတ်၍ စောဒက ဝင်မိသည်ကိုပင် ရှက်စနိုးမိ လေ၏။ ဝန်ချတောင်းပန် လိုသောဆန္ဒဖြင့် ချက်ခြင်းတွေ့လိုသော စိတ်များက ပြင်းပြလျက်ရှိပေ၏။

နောက်တစ်နေ့ညနေချမ်း

သီးလုံးဆရာတော် ရောက်ချိန်မရောက်လာသဖြင့် သာမဏေ ကိုရင်ကိုင်းသည် ကျောင်းမှ တောစပ်အထိ လိုက်၍လာ၏။ ဆရာတော်မှာ အငေးသား ရပ်နေသည်ကို ထူးထူးခြားခြားတွေ့ရ၏။ သူလိုက်လာ သည်ကိုပင် သတိမပြု။ ''ဆရာတော်ဘုရား''ဟု ကိုရင်ကိုင်းက လျှောက် ထားမှသာ သတိရလာဟန်ဖြင့်–

''အင်းကိုခေမာတို့များ သာသနာနှင့် ကြုံရကျိုးနပ်ပါပေ့။ သီးလုံး သီးလုံးနဲ့ ဘာမှ အသုံးမကျသေးပါကလား''ဟု ရေရွတ်လိုက်၏။ ကိုရင် ကိုင်းကား ဘာမျှနားမလည်ရှာပေ။

''ဆရာတော်ဘုရား ဘာကြောင့်လဲ''ဟု သိလိုဇောဖြင့် လျှောက်ရာ–

''သယ်နှင့်အရာလား''ဟု မာန်မဲတော်မူ၍ ကျောင်းသို့ပြန်ခဲ့လေ သည်။ ကိုရင်ကိုင်းခမျာ ရှေ့သို့တိုးမလျှောက်ဝံ့တော့ဘဲ နောက်မှ ရို့ရို့ ကလေး လိုက်ပါခဲ့ရ၏။

သီးလုံးဆရာတော်လည်း နောက်တစ်ရက် ညချမ်းချိန်ရောက်ရန်သာ စိတ်စောနေတော့၏။

သို့သော် နောက်တစ်နေ့ ညချမ်းကား မိမိ မြော်မှန်းသလို အားပါး တရ ဆွေးနွေးလျှောက်ထားခြင်း၊ တောင်းပန်ခြင်း၊ ကတိပေးခြင်း စသော ကြိုတင်စဉ်းစားထားသမျှ အစီအစဉ်များ အားလုံး ဖျက်သိမ်းလိုက်ရ၏။ အလွန်ဝမ်းသာရမည်ဟု အားခဲထားသမျှ ဝမ်းနည်းကြေကွဲဘွယ် နှင့် ရင်ဆိုင်ရတော့၏။ ယနေ့ အရုဏ်တက်ချိန်ကပင် ကင်းဆရာတော် ပျံလွန်တော်မူကြောင်း မင်းကွန်းမှ သတင်းရောက်လာ၏။ အားကိုးရမှန်း မသိ နောင်တကြီးစွာ သံဝေဂသည်းစွာ ဖြစ်တော်မူရ၏။

သီးလုံးဆရာတော် ကိုယ်တိုင်ပင် မင်းကွန်းသို့ ကြွရောက်၍ ခုနစ် ရက်အတွင်း ဈာပနပွဲ ပြီးအောင် ဦးစီးဆောင်ရွက်တော်မူ၏။ ထိုအချိန်မှ စ၍ သီးလုံးဆရာတော်လည်း ကပ္ပိယနှင့်သာ တောရဝင်တော်မူ၍ အပြင်း

အထန် ကြိုးစားတော်မူလေသည်။ မကြာမီပင် သီးလုံးဆရာတော်လည်း ရည်ရွယ်မှန်းထားသလောက် ခရီးပေါက် တော်မူလေ၏။ ''ယခုအခါ ဈာန်အဘိညာဉ် ရမှ ရနိုင်သေးရဲ့လား''ဟူသော မိမိကိုယ်ကို လျှော့ တွက်–တွက်၍ တစ်ဖက်သက် စာသန်ကာ စိတ်ဓာတ်ပျော့ညံ့မိများသည် ကိုပင် ကိုယ်တွေ့ ရှက်စနိုးရတော်မူလေ၏။ (မင်းကွန်းဇေတဝန် ဆရာတော် ထေရုပ္ပတ္တိမှ အကြောင်းအရာ ယူပါသည်။)

# အဘိဉာဉ်နှင့်ကောင်းကင်ခရီး

သီးလုံးဆရာတော်နှင့်စပ်၍ ကြည်ညိုအံ့ဩဖွယ်ဖြစ်ရပ်တစ်ခုမှာ အောက်ပါအတိုင်းဖြစ်သည်။ ဆရာတော်သည် ကပ္ပိယတစ်ယောက်နှင့် အတူ တောရကျောင်း၌ နေတော်မူစဉ် တစ်ခုသော နွေဦးကာလ ည အခါတွင် လူသူတော် ကပ္ပိယကြီးသည် ကျောင်းနှင့်ဝေးကွာသော ရေကန် သို့ ရေချိုးရန် ဆရာတော်အား လျှောက်၍သွား၏။ လကလေးကလည်း သာနေသည်။ ကပ္ပိယကြီးသည် ရေကန်၌ လူတစ်ယောက် ရေချိုးနေသည် ကို ခပ်ဝေးဝေးကပင် မြင်နေရ၏။ ထိုသူ အနီးသို့ ရောက်သွားသောအခါ ကပ္ပိယကြီးသည် အလွန် အံ့ဩသွားလေသည်။

အကြောင်းမှာ ရေချိုးနှင့်နေသူသည် ဆရာတော်ကြီးဖြစ်နေသော ကြောင့်တည်း။ အိမ်မင်းမစွမ်း ရှိတော်မူသော ဆရာတော်ကြီးသည် ညအခါ ဤမျှဝေးကွာသောအရပ်သို့ မည်သည့်ခရီးဖြင့် ဤမျှလျင်မြန်စွာ ကြွလာ တော်မူသနည်းဟု စဉ်းစားနေမိ၏။ သူရောက်လျှင်ပင်ဆရာတော်ကြီးမှာ ရေချိုး၍ ပြီးလေပြီ။ ပြီးလျှင် သူတော်အား–

''သူတော်၊ ဤအကြောင်းကို ငါအသက် ထင်ရှားရှိစဉ် မည်သူ့ကိုမျှ မပြောရဟု နှုတ်ပိတ်တော်မူလျက် ကောင်းကင်မှပင် ကျောင်းသို့ ပြန်ကြွ တော်မူသည်။ ကပ္ပိယလည်း ဤအကြောင်းကို ဆရာတော် မရှိသောအခါ

ကျမှ ဖွင့်ဟထုတ်ဖော်ခဲ့၏။

ထိုအကြောင်းနှင့်စပ်၍ 'ရွှေကျင်နိကာယ သာသနာဝင်စာအုပ်' (နှာ–၉၇) ၌ အောက်ပါ အတိုင်း မှတ်ချက်ပြုထားသည်။

(သီးလုံးဆရာတော်ဘုရားကြီးသည် လောကီ အဘိညာဉ်မျှ မဟုတ်၊ အာသဝက္ခယအဘိညာဉ် နှင့်တကွ ဆဠဘိညပုဂ္ဂိုလ် မဖြစ်ဘူးဟူ၍ မဆိုဝံ့ချေ။ သူတော်ကောင်းတို့၏ လက္ခဏာမှာ အလွန်လျှို့ဝှက်စောင့်စည်းသော အခြင်းအရာ ရှိတော်မူတတ်ကြသည်။

စိတ္တလတောင်၌ သီတင်းသုံးတော်မူသော ရဟန္တာမထေရ်မြတ်၏ အလုပ်ကျွေးရဟန်းကြီး တစ်ပါးသည် တစ်နေ့သ၌ ဆွမ်းခံရန် မထေရ်မြတ်၏သပိတ်ကိုယူ၍ နောက်ကလိုက်လာခဲ့ရင်း "အရှင်ဘုရား၊ အရိယာဆိုတာ ဘယ်လိုပုဂ္ဂိုလ်ပါလဲ၊ ဘယ်လိုမျိုးပါသလဲ"ဟု မေးလျှောက်၏။ မထေရ်မြတ်က "ငါ့ရှင်၊ အချို့ပုဂ္ဂိုလ်ဟာ အရိယာ၏နောက်က သပိတ်သင်္ကန်းကို ယူဆောင်၍ အတူတကွ သွားနေသော်လည်း ဤပုဂ္ဂိုလ်သည် အရိယာပဲဟု မသိဘူး၊ အရိယာကို အဲသလို အသိခက်တယ် ငါ့ရှင်"ဟု မိန့်ဆို၏။ ရဟန်းကြီးသည် သူ့ဆရာကို အရိယာဟု မရိပ်မိချေ။)

တဖန် သထုံဇေတဝန်ဆရာတော်ဘုရားကြီးက စစ်ကိုင်း အာလကပ္ပဘုန်းကြီးအား အမိန့်ရှိ ဖူးသည်မှာ–

"သီးလုံးဆရာတော်ကြီးက အနာဂါမ်ကြီးကွဲ့၊ သီးလုံးရွာကနေ မင်းဘူးရွှေစက်တော်ကို ကြွရာ ခြေလှမ်းပေါင်း ဘယ်လောက်ရှိတယ်ဆိုတာကို သိတယ်၊ အနာဂါမ်ဆိုတာ အင်မတန် သတိကောင်းတာကလား။ တမင်ကလာ ဂရုစိုက် မှတ်သားနေရတာမဟုတ်ဘူး"ဟု အမိန့်ရှိ ကြောင်း တဆင့် မှတ်သားရဘူးပါသည်။

မကွေးမြို့ အရှေ့သပြေစမ်း တောရဂူကျောင်း၌ သီတင်းသုံးတော်မူသော သက်တော် ၈၂ နှစ်ရှိ ဂူကျောင်းဆရာတော်ဘုရားကြီး ရေး၍ ၁၉၁၆ ခုနှစ် ရန်ကုန်မြို့ စဉ့်အိုးတန်း သာသနာ လင်္ကာရ ပိဋကပုံနှိပ်တိုက်

၌ ရိုက်နှိပ်သော 'ဘာဝနာနယဒီပနီကျမ်း'တွင်လည်း''သီးလုံး ဆရာတော်ဘုရားကြီးသည် ဒွတ္တိံသာကာရ (၃၂– ကောဋ္ဌာသ) ကမ္မဋ္ဌာန်းကို လေ့လာပွားများခြင်း များသောကြောင့် ကျောင်းသို့ ပူဇော်ကန်တော့လာကြသော ဒကာ ဒကာမများကို ကြည့်တော် မူရာ ယောကျ်ား မိန်းမဟူသော သတ္တဝါသဏ္ဍာန် မမြင်ရဘဲ တစ်ဖျာရာ နှစ်ဖျာရာအရပ်၌ ကွဲနွားအသေတို့ကို တုံးတစ် ခုတ်စဉ်းထားသကဲ့သို့ အသားအရိုး အကြောအသွေးတို့ကိုသာလျှင် တစ်ခုစီ တစ်ပုံစီ မြင်နေတော့၏''ဟု ဆိုသည်။

## သီးလုံးဆရာတော်နှင့်သင်္ဂဇာဆရာတော်

သီးလုံးဆရာတော်ဟူ၍ ကျော်ကြားခါစ မင်းတုန်းမင်းကြီးသည် သတင်းစကားအရ အလွန်ကြည်ညိုနေ၏။ ပို၍ အတိအကျ ပရိယတ်၊ ပဋိပတ်ဂုဏ်များကို သိရှိကြည်ညိုလိုလှသဖြင့် စုံစမ်းထောက်လှမ်းပေးပါရန် ဆရာတော်များအား လျှောက်ထားရာ ဆရာတော်များ က စာတတ်၊ စကားတတ် သင်္ဂဇာဆရာတော် အား စေလွှတ်ကြသည်။

ထိုစဉ်က ဆရာတော်သည် ကျောက်မြောင်း မြို့အောက်ဖက် ရေဝတီမြစ်ကမ်းအနီး ခက်သင်ရွာတောရကျောင်း၌ သီတင်းသုံးသည်။ ရွာနှင့် ကျောင်းကြားတွင် ရေခြားလျက်ရှိ၏။ သင်္ဂဇာ ဆရာတော်လည်း ခက်သင်ရွာမှ တောကျောင်းသို့ လေ့စီး၍ကြွရသည်။ တစ်ခုသော နံနက်ခင်းတွင် ဆရာတော်ထံ ရောက်သွားရာ ဆရာတော်မှာ အေးအေးဆေးဆေး ဒန်ပူသပ်နေသည်ကို ဖူးတွေ့ရ၏။ သင်္ဂဇာဆရာတော်ကြီးက ကြိုတင် စဉ်းစားလာသော ပရိယတ်၊ ပဋိပတ်ဆိုင်ရာ ခဲရာခဲဆစ် အမေးပုစ္ဆာများကို လွယ်လွယ်ကူကူ ဒန်ပူသပ်ရင်းပင် ဖြေဆိုတော်မူလိုက်သည်။

သင်္ဂဇာဆရာတော်သည် စုံစမ်းမေးမြန်းပြီးနောက် ပြန်ရန် ဝတ်ဖြည့်(ဦးချ)သောအခါ–

''ကိုသင်္ဂဇာ၊ တို့များကို ခက်သင်က ဆွမ်းစားပင့်ထားတယ်။

ဆွမ်းစားလိုက်ပြီးမှ ပြန်လေ''ဟု မိန့်တော်မူ၏။ ဆက်၍-

''ကိုသင်္ဂဇာ အလာက ဘာနဲ့ကူးလာခဲ့သတုံး''

''လှေနဲ့ပါ အရှင်ဘုရား''

''အိမ်း-ဒါဖြင့်လဲ လှေနဲ့ပဲ ကြွနှင့်လေ''

သင်္ဂဇာဆရာတော်လည်း မည်သို့မျှ စဉ်းစား လျှောက်ထားရန် သတိမရတော့။ ဦးချပြီးနောက် အလာကလှေနှင့်ပင် ခက်သင်ရွာသို့ ကူးလာခဲ့ တော့၏။ လှေဆိပ်သို့ရောက်၍ ကမ်းထိပ်၌ သက်နှံးရုံနေသော ဘုန်းတော်ကြီးတစ်ပါးကို အမှတ်တမဲ့ကြည့်လိုက်ရာ သီးလုံးဆရာတော်ကြီး ဖြစ်နေတော့သည်။

သင်္ဂဇာဆရာတော်သည် စိတ်ထဲတွင်သာရှိ၍ မမေးလျှောက် ဖြစ်ခဲ့သော မေးခွန်းတစ်ခု၏ အဖြေကို ရရှိသွားသဖြင့် အားရကျေနပ်ကာ နေပြည်တော်သို့ ပြန်လာခဲ့တော့၏။

### သီးလုံးရွာဦးအောင်မြင့်၏အဆိုတစ်ရပ်

သီးလုံးဆရာတော်ကြီးနှင့်စပ်လျဉ်း၍ သီးလုံးရွာသို့ရောက်ခိုက် မေးမြန်းရရှိချက်အကြောင်း တစ်ခုကို ဖော်ပြလိုပါသေးသည်။ သီးလုံးဆရာတော်ကြီး တောရဆောက်တည်သည့်နေရာတွင် ကျောင်းသင်္ခမ်းဟူ၍ မရှိသေး။ တောရိပ်တောင်ရိပ်နှင့် ခြုံနွယ်ပိတ်ပေါင်းတို့ကို အားပြု၍ ရှုမှတ်ပွားများရသည်ဟု ဆိုပါသည်။ တစ်နေ့တွင် ထင်းခုတ် သမား တစ်ယောက် ထင်းခုတ်ရန်အတွက် အပင်ခြေမှ ခြုံနွယ်များကို ဦးစွာ ရှင်းလင်းသည်ဟု ဆိုပါသည်။ ထိုခြုံများထည်းတွင် ဆရာတော်ကြီး ရှိမှန်းမသိ။ ခြုံများရှင်းလင်းရင်း ဆရာတော်ကြီးကို ထိုင်လျက်သား ဖူးတွေ့ရသဖြင့် အလွန်တရာ ထိတ်လန့်သွားခဲ့လေသည်။

ထင်းခုတ်သမားက ဆရာတော်ကြီးကို ဖူးမြော်တောင်းပန်ရာ ဆရာ တော်ကြီးက ကျောင်းတစ်ကျောင်းဆောက်လှူမည်လားဟု မိန့်ကြား

ချီးမြှောက်တော်မူသည်။ ဆင်းရဲပြီး ထင်းခုတ်စားနေရသဖြင့် ကျောင်းကို လှူချင်ပါသော်လည်း ခက်ခဲနေပါကြောင်းလျှောက်ထားရာ ဆရာတော်ကြီးက ကျောင်းကန်အကြီးကြီးကို မဆိုလိုကြောင်း၊ လေးတိုင်စင် ထန်းရွက်မိုးလျှင်လည်း ဖြစ်ကြောင်း မိန့်ကြားသောအခါ ထင်းခုတ်သမားက ဝမ်းမြောက်ဝမ်းသာပင့်ယာယီကျောင်းသခ်မ်းလေး ဆောက်လုပ် လှူဒါန်းမည်ဟု ဆိုပါသည်။

ထိုထင်းခုတ်သမား၏အစ်ကိုဖြစ်သူ သားများကိုရှင်ပြုရာတွင် အနီးအနားရွာမှ ဆရာတော်ကြီးများကို ပင့်ဆောင်တော်မူလေသည်။ ထင်းခုတ်သမားက သူ၏အစ်ကိုကို သူနေ့စဉ် ထင်းခုတ်သွားတိုင်း ထမင်းနှစ်ထုပ်ယူသွားလေ့ ရှိပြီး တမင်းတစ်ထုပ်ကို အမြဲဆက်ကပ်လှူဒါန်းနေသော ဆရာတော်ကြီးတစ်ပါး တောထဲတွင် သီတင်းသုံးနေကြောင်း၊ ထိုဆရာတော်ကြီးကိုလည်း ပင့်ပါရန် ပန်ကြားသည်ဟု ဆိုပါသည်။ အလှူနေ့ရောက်သောအခါတွင် သူ၏အစ်ကိုက ပင့်ပါမည်ဟုပြောပြီးသော်လည်း သီးလုံးဆရာတော်ကြီးအတွက် ကန်တော့ပွဲတစ်ပွဲကို ပြင်ဆင်ထားရန်မေ့နေကြောင်း၊ သူတို့ရပ်ရွာဓလေ့သည် ထိုအချိန်က ဘုန်းတော်ကြီးတစ်ပါးလျှင် ကန်တော့ပွဲတစ်ပွဲကျ ပြင်ဆင်လေ့ရှိကြောင်း ပြောပြပါသည်။

အကိုဖြစ်သူအလှူရှင်က ညီဖြစ်သူ ထင်းခုတ်သမားအား ဆရာတော်ကြီးကို သွားပင့်ချေဟု ခိုင်းလိုက်သည်။ ညီဖြစ်သူသည် သူဆွမ်းကပ်ကိုးကွယ်နေသည့် သီးလုံးဆရာတော်ကြီးကို သွားရောက်ပင့်ဆောင်သောအခါ ဆရာတော်ကြီးက သက်န်းရုံနေသည်။ ဒကာ အလှူရှိရာကို အရင်သွားနှင့်တော့ဟု မိန့်ကြားလိုက်သည်။ သို့သော် ထိုဒကာ အလှူသို့ရောက်သောအခါ ဆရာတော်ကြီး အရင်ရောက်နေကြောင်း တွေ့ရသည့်အပြင် ရှေ့တွင် ကန်တော့ပွဲတစ်ပွဲ လွတ်နေသော်လည်း ခဏအတွင်း ကန်တော့ပွဲသည် ရှေ့တွင်ရောက်နေပြီး ထိုပွဲတွင် ဆရာတော်ကြီး ကိုယ်တိုင်ပင် ရေစက်ချတရားကို ဟောကြားခဲ့ရကြောင်း တစ်ဆင့်စကားဖြင့်

စာရေးသူကို ပြောပြခဲ့ပါသည်။ သူတော်ကောင်းတို့၏ကိစ္စကား ပုထုဇဉ်တို့အတွက် ခန့်မှန်းရခက်လှပါတော့သည်။

ဤအကြောင်းအရာသည် မင်းတုန်းမင်းကြီး ၁၂၁၆ ခုနှစ်တွင် ရတနာဘုံစံကျောင်းတော်ကြီး မဆောက်လုပ်မီအဖြစ်အပျက်ဟု ယူဆရပါသည်။ (စာရေးသူ)

# သစ်တုံးပမာ ဒေသနာတော်

သစ်တုံးဆရာတော်ကြီးတဲ့

သီးလုံးဆရာတော်ကြီးကို သိမ်းလိုက်ကြသည့် တရားနာပရိသတ် ဒကာ ဒကာမအပေါင်းတို့သည် ကွယ်ရာတွင် ဆရာတော်ကြီးကို သစ်တုံး ဆရာတော်ကြီးဟု ခေါ်ကြပါသတဲ့။ ဆရာတော်ကြီးသည် နှစ်ပေါင်း ၃၀ နီးပါးခန့် တရားဟောကြားတော်မူတိုင်း ပထမဒါရုက္ခန္ဓောပမသုတ်ကိုသာ ထပ်ခါတလဲလဲ ဟောကြားတော်မူပါသည်တဲ့။ ထိုသုတ်တော်သည် ရေထဲတွင် မျောပါလာသည့် သစ်တုံးကြီးကို ဥပမာပေး၍ ဘုရားရှင် ဟောကြားထားသော ဒေသနာတော် တစ်ပုဒ်ဖြစ်ပါသည်။ သစ်တုံးဆရာတော်ကြီးဟု တပည့် ဒကာ ဒကာမများ၏ ပြောကြားသံကို ဆရာတော်ကြီး၏ နားတော်သို့ ပြန်၍ကြားတော်မူသောအခါတွင် ဆရာတော်ကြီးက 'ငါ့ကိုသာ သစ်တုံးဆရာတော်ကြီးလို့ ခေါ်ကြတယ်၊ ဒီလောက်နှစ်ပေါင်းများစွာ ဟောလာခဲ့တဲ့ သစ်တုံးကြီးရဲ့အကြောင်းပြတရားတော်ကို နားကော နားလည်ကြရဲ့လားမသိပါဘူး' ဟု ညည်းညူတော်မူပါသတဲ့။ ဤအကြောင်းကို ဆရာတော်ကြီးနှင့် ရင်းနှီးခွင့်ရခဲ့သည့် ဒကာ ဒကာမများ၏ လက်ဆင့်ကမ်း စကားကို ဖက်ပင်အိုင်ဆရာတော်ကြီးက တစ်ဆင့် ပြန်လည်ပြောပြခဲ့ခြင်းဖြစ်ပါသည်။ အကျဉ်းချုံး၍ သစ်တုံးပမာ ဒေသနာတော် (ခေါ်)

ပထမဒါရုက္ခန္ဓောပမသုတ်ကို ဖော်ပြအပ်ပါသည်။

အပြစ်ရှစ်မျိုးမှကင်းလွတ်သော သစ်တုံးသည် သမုဒ္ဒရာသို့ ဝင်ရောက်နိုင်သကဲ့သို့၊ အပြစ် ရှစ်မျိုးမှ ကင်းလွတ်သောရဟန်းသည် နိဗ္ဗာန်တည်းဟူသော သမုဒ္ဒရာသို့ ဝင်ရောက်နိုင်ပေသည်။

အပြစ်ရှစ်မျိုးအနက် တစ်မျိုးမျိုးရှိနေသော သစ်တုံးမှကား သမုဒ္ဒရာသို့ မဝင်ရောက်နိုင်တော့သကဲ့သို့၊ ထို့အတူ အပြစ်ရှစ်မျိုးအနက် တစ်မျိုးမျိုးရှိနေသော ရဟန်းသည်လည်း နိဗ္ဗာန်တည်းဟူသော သမုဒ္ဒရာ သို့ မရောက်နိုင် တော့ချေ။

သို့ဖြစ်၍ သာသနာ့ဝန်ဆောင်ရဟန်းတော်များသည် ဘုရားရှင် က မိန့်မှာညွှန်ကြားထားခဲ့သော အပြစ်ရှစ်မျိုးအနက် တစ်စုံတစ်ခုသော အပြစ်မျှ မိမိတို့သန္တာန်သို့ ဝင်ရောက်မလာရအောင် ကြိုးစား စောင့်ထိန်း သင့်ပါသည်။ သို့ စောင့်ထိန်းမှသာ သံသရဝဋ္ဋဒုက္ခတော မောစနတ္ထာယ (သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ရန်) ဟူသော မိမိတို့၏ ရည်မှန်း ချက်နှင့် ညီညွတ်ပါလိမ့်မည်။

သာသနာတော်၏ အပြင်အပ တာဝန်ဆောင်များဖြစ်ကြသည့် ဒါယကာဒါယိကာမများကလည်း မိမိတို့ကိုယ်တိုင် သက်ဆိုင်ရာအပြစ် များ မိမိတို့သန္တာန်သို့မဝင်ရောက်အောင် စောင့်ထိန်းနိုင်သည့်အပြင်၊ အပြစ်ရှိနေသောရဟန်း၊ အပြစ်ကင်းလွတ်သောရဟန်းတို့ကိုလည်း ခွဲခြား သိမြင်နိုင်ပါလိမ့်မည်။ ယင်းသို့ ကွဲကွဲပြားပြား နားလည်ထားမှသာ အထောက်အကူသဘောဖြင့် သာသနာ့တာဝန်ကိုထမ်းဆောင်ရာ၌ နည်းမှန် လမ်းမှန်ထမ်းဆောင်နိုင်ကြပါလိမ့်မည်။ ရဟန်းတော်များ အပြစ် ကင်းအောင်လည်း ကူညီနိုင်ကြပါလိမ့်မည်။

ဘုရားရှင်သည် ကောသမ္ဗီမြို့ ဂင်္ဂါမြစ် ကမ်းနား ခင်းထားသော ဘုရားနေရာမှာ ထိုင်နေတော်မူသည်။ ထိုစဉ် ဂင်္ဂါမြစ်ရေစီးကြောင်းမှာ မျောပါလာသည့် သစ်တုံးကြီးတစ်တုံးကို မြင်တော်မူသည်။

ယင်းသစ်တုံးသည် လေးထောင့်ရှေချော၍ တောင်ကြားမှာ လှတို့ပစ်ထားခဲ့သော သစ်တုံး ဖြစ်သည်။ လေ, နေပူကြောင့် ကောင်းစွာ ခြောက်သွေ့နေသည်။ မိုးဥတုရောက်၍ မိုးရွာလာသည့်အခါမှာ ရေဖြင့် မျောပါလာခဲ့သည်။ ထိုသို့မျောပါလာရင်း ဂင်္ဂါမြစ်ထဲသို့ ရောက်လာခဲ့သည်။

'ဒီသစ်တုံးကို ဥပမာပြုလုပ်ပြီး ငါဘုရားရဲ့သာသနာမှာ ယုံကြည်မှု (သဒ္ဓါတရားနဲ့) ရဟန်း ပြုလာတဲ့ အမျိုးကောင်းသားကို ပြရတော့မယ်' ဟု ထိုခဏမှာဖြစ်ပေါ်လာသော အကြောင်းအား လျော်စွာ ဘုရားရှင်က သစ်တုံးကြီးကို ညွှန်ပြလျက် ရဟန်းတို့ကို မေးတော်မူသည်။

'ရဟန်းတို့ ဂင်္ဂါမြစ်ရေစီးကြောင်းမှာ မျောပါလာတဲ့ ဟိုသစ်တုံးကြီးကို သင်တို့မြင်ကြရဲ့လား'

'မြင်ကြပါတယ် ရှင်တော်မြတ်ဘုရား'

'ရဟန်းတို့ အဲဒီသစ်တုံးကြီးဟာ တကယ်လို့သာ ဒီဘက်ကမ်းကိုလဲ မကပ်ဘူး။ ဟိုဘက်ကမ်းကိုလဲ မကပ်ဘူး။ မြစ်လယ်မှာလဲ နစ်မသွားဘူး၊ သောင်လဲမတင်ဘူး။ လူတွေလဲ မဆယ်ဘူး၊ နတ်တွေလဲ ဆယ်မယူဘူး၊ ဝဲလဲ မစုပ်ဘူး၊ အတွင်းဆွေးလဲ ဆွေးမသွားဘူးဆိုရင် သမုဒ္ဒရာသို့ ရောက်သွားပေလိမ့်မယ်၊ ဘာ့ကြောင့်လဲဆိုတော့ ဂင်္ဂါမြစ်ရေဟာ သမုဒ္ဒရာသို့ စီးဝင်နေတဲ့အတွက်ကြောင့်ပဲ ဖြစ်တယ်။

'ရဟန်းတို့ ထို့အတူ သင်တို့လဲ အကယ်၍သာ ဒီဘက်ကမ်းကိုလည်းမကပ်ဘူး၊ ဟိုဘက်ကမ်းကိုလည်း မကပ်ဘူး၊ အလယ်မှာလဲ နစ် မသွားဘူး၊ သောင်လဲမတင်ဘူး၊ လူတွေကလဲ ဖမ်းမယူဘူး၊ နတ်တွေကလဲ ဖမ်းမယူဘူး၊ ဝဲလဲ မစုပ်ဘူး၊ အတွင်းဆွေးလဲ ဆွေးမသွားဘူး ဆိုရင် နိဗ္ဗာန်ကိုရောက်ကြပေလိမ့်မယ်၊ ဘာကြောင့်လဲ ဆိုတော့ အမြင်မှန်မှု (သမ္မာဒိဋ္ဌိ)ဆိုတာဟာ နိဗ္ဗာန်ကိုစီးဝင်နေတဲ့အတွက် (နိဗ္ဗာန်သို့ ဦးလှည့်နေတဲ့အတွက်)ကြောင့်ပဲဖြစ်တယ်။'

ဘုရားရှင်က ဤပရိသတ်မှာ စကားစပ်ကို နားလည်တဲ့ ရဟန်း တစ်ပါးပါရှိသည်၊ အဲဒီ ရဟန်းက ငါဘုရားကို လျှောက်ထားလာလိမ့် မည်ဟူသော ရည်ရွယ်ချက်ဖြင့် တရားတော်ကို ရပ်နားထားလိုက်သည်။ ထိုစဉ် ယင်းရဟန်းကပင် ဘုရားရှင်ကို လျှောက်ထားလာပါတော့သည်။

၁။ ဒီဘက်ကမ်းဆိုတာ ဘာပါလဲဘုရား ?

၂။ ဟိုဘက်ကမ်းဆိုတာ ဘာပါလဲဘုရား ?

၃။ အလယ်မှာ နစ်သွားတယ်ဆိုတာ ဘာပါလဲ ဘုရား ?

၄။ သောင်တင်တယ်ဆိုတာ ဘာပါလဲဘုရား ?

၅။ လူတွေက ဖမ်းယူထားတယ်ဆိုတာ ဘာပါလဲ ဘုရား ?

၆။ နတ်တွေက ဖမ်းယူထားတယ်ဆိုတာ ဘာပါ လဲဘုရား ?

၇။ ဝဲစုပ်တယ်ဆိုတာ ဘာပါလဲဘုရား ?

၈။ အတွင်းဆွေး ဆွေးသွားတယ် ဆိုတာကော ဘာပါလဲ ဘုရား ?

၁။ ရဟန်း၊ ဒီဘက်ကမ်းဆိုတာဟာ စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယ, မနဆိုတဲ့ အတွင်းအာယာတန ခြောက်ပါးဖြစ်တယ်။

၂။ ဟိုဘက်ကမ်းဆိုတာက ရူပ, သဒ္ဒ, ဂန္ဓ, ရသ, ဖောဋ္ဌဗ္ဗ, ဓမ္မဆိုတဲ့ အပြင်အာယတန ခြောက်ပါးဖြစ်တယ်။

၃။ အလယ်မှာနစ်သွားတယ်ဆိုတာက နှစ်သက် တပ်စွဲမှု (နန္ဒီ ရာဂ)ဖြစ်တယ်။

၄။ သောင်တယ်တယ်ဆိုတာ ထောင်လွှားတက်ကြွ 'ငါ' ဆိုတဲ့ မာန်(မာန)ပဲဖြစ်တယ်။

၅။ ပြီးတော့ ဒီသာသနာတော်မှာ ရဟန်းတစ်ပါးဟာ လူတွေနဲ့ အရောတဝင်နေတယ်၊ နှစ်သက်ဝမ်းသာစရာရှိရင်လဲ အတူတူပဲ၊ စိုးရိမ်

စရာ, စိတ်ညစ်စရာရှိရင်လည်း အတူတူပဲ၊ လူတွေက ချမ်းသာရင် သူလဲချမ်းသာတယ်၊ လူတွေက ဆင်းရဲရင် သူလဲဆင်းရဲတယ်၊ လုပ်စရာ ကိစ္စ တစ်စုံတစ်ရာပေါ်ပေါက်လာရင်လဲ ကိုယ်တိုင် ကိုယ်ကြပ်ဒီကိစ္စမှာ ပါဝင်ကြိုးစားနေတယ်၊ ဒီလိုလူတွေနဲ့ အေးအတူပူအမျှအရောတဝင် နေထိုင်တာကိုပဲ' လူတွေက ဖမ်းယူထားတယ်' လို့ဆိုတယ်။

၆။ နတ်တွေက ဆယ်ယူထားတယ်ဆိုတာ ဤသာသနာတော်၌ အချို့သောရဟန်းသည် ဤသီလအားဖြင့်လည်းကောင်း၊ ဤကျင့်ဝတ် အားဖြင့် လည်းကောင်း၊ ဤချီးခြံမှုအကျင့်အားဖြင့်လည်းကောင်း၊ ဤ အကျင့်မြတ်အားဖြင့် လည်းကောင်း၊ ထင်ရှားသောနတ်သော်လည်း ကောင်း၊ မထင်ရှားသောနတ်သော်လည်းကောင်း ဖြစ်ရလိမ့်မည်ဟု တစ် ခုခုသော နတ်အဖြစ်ကို တောင့်တ၍ အကျင့်မြတ်ကို ကျင့်သုံး၏။ ဤ ကျင့်သုံးမှုကို နတ်တို့ ဆယ်ယူမှုဟု ဆိုပါတယ်။

၇။ ဝဲစုပ်တယ်ဆိုတာ ကာမဂုဏ်ငါးပါးပဲဖြစ်တယ်။

၈။ ပြီးတော့ ဒီသာသနာတော်မှာ အချို့အချို့သောပုဂ္ဂိုလ်တွေ ဟာ သီလကလဲမရှိဘူး၊ သဘောထားကလဲ ယုတ်မာတယ်၊ ကိုယ်မှု, နှုတ်မှုကလဲ မစင်ကြယ်ဘူး၊ တစ်ဖက်သားယုံမှားတွေးထင်စရာ အကျင့်မျိုး တွေရှိနေတယ်။ မိမိကိုယ်တိုင်က ယုံမှားတွေးထင်စရာ အကျင့်မျိုးလဲ ရှိနေတယ်၊ ဖုံးကွယ်ထားရမယ့် အလုပ်ရှိနေတယ်။ ရဟန်း မဟုတ်တော့ ဘဲနဲ့ 'ရဟန်း' လို့ မဟုတ်မတရား ဝန်ခံနေတယ်။ ရဟန်းကျင့်ဝတ်ကို မကျင့်ဘဲနဲ့ 'ကျင့်နေတယ်'လို့ မဟုတ်မမှန်ဝန်ခံနေတယ်။ အတွင်းမှာ သီလစတဲ့ ဂုဏ်တွေကလဲ ပုပ်ဆွေးနေတယ်၊ ရာဂနဲ့စွတ်စိုနေတယ်၊ (ရာဂအစေးနဲ့ စေးကပ်စိုထိုင်းနေတယ်)။ သာသနာတော်မှာ အမှိုက်သရိုက် သဖွယ် ဖြစ်နေတယ်၊ ဒီလို သီလ ပျက်စီးနေတာကိုပဲ 'အတွင်းဆွေးဆွေး တယ်' လို့ ဆိုတယ်။

ထိုအချိန်မှာ နန္ဒနွားကျောင်းသားသည် ဘုရားရှင်နှင့် မနီးမဝေး

မှာ ရပ်နေသည်။ တရားဆုံးသွားသည်နှင့် တစ်ပြိုင်နက် ဘုရားရှင်ကို လက်အုပ်ချီမိုးလျှောက်ထားပါတော့သည်။

'ရှင်တော်မြတ်ဘုရား၊ တပည့်တော်က ဟိုဘက်ကမ်းကိုလဲ မကပ်ပါ၊ ဒီဘက်ကမ်းကိုလဲ မကပ်ပါ၊ အလယ်မှာလဲ မနစ်စေရပါ၊ သောင်လဲမတင်စေရပါ၊ လူတွေရဲ့ဆယ်ယူမှုကိုလဲမခံပါ၊ နတ်တွေရဲ့ဆယ်ယူမှုကိုလဲ မခံပါ၊ ဝဲစုပ်လဲမခံပါ၊ အတွင်းဆွေးလဲမဆွေးစေရပါ၊ ဘုရားတပည့်တော်က ရှင်တော်ဘုရားထံမှာ ရှင်အဖြစ် ရဟန်းအဖြစ်ကို ရလိုပါတယ်။'

'နန္ဒ၊ ဒီလိုဆိုရင် သင်က နွားတွေကို နွားရှင်တို့ထံ ပြန်အပ်ပေတော့'

'ရှင်တော်မြတ်ဘုရား၊ နွားမတွေဟာ နွားကလေးတွေကို အင်မတန် ခင်တွယ်ကြပါတယ်။ သူတို့အလိုအလျောက်ပဲ ပြန်သွားကြပါလိမ့်မယ်'

'နန္ဒ၊ သင်က နွားတွေကို နွားရှင်တို့ထံ အပ်မှသာ သွားအပ်စမ်းပါဦး'

နန္ဒနွားကျောင်းသားက ဘုရားရှင်၏ အမိန့်အာဏာကို လိုက်နာလျက် နွားတွေကို နွားရှင်တို့ထံ ပြန်အပ်ထားခဲ့သည်။ ထို့နောက် ဘုရားရှင်ထံ ပြန်လာခဲ့သည်။ နွားများကို အပ်နှံထားခဲ့ပြီးဖြစ်ကြောင်း၊ ရဟန်းပြုပေးပါမည့် အကြောင်း လျှောက်ထားသည်။ သို့ဖြင့် နန္ဒ နွားကျောင်းသားသည် ဘုရားရှင်ထံမှာ ရှင်အဖြစ်၊ ရဟန်းအဖြစ်ကိုရသည်။ ဝန်ခံချက်အတိုင်း လိုက်နာအားထုတ်သည့်အတွက် ရဟန်းဖြစ်၍ မကြာမီမှာပင် အာသဝေါကင်း၍ ရဟန္တာဖြစ်သွားပါသည်။ (သံ၊ ၂။ ၃၈၆။ သံ၊ ၄၊ ၃၊ ၅၄။)

## အကျဉ်းမှတ်ဖွယ်

'ရဟန်းတစ်ပါးဟာ အဇ္ဈတ္တိကာယတန ခြောက်ပါး၊ ဗာဟိယာယတနခြောက်ပါးကို ဝိပဿနာရှုနေမယ်၊ နှစ်သက်စွဲလမ်းမှုကင်းမယ်၊

မာန်မာနလဲကင်းမယ်၊ လူတွေနဲ့ ရောနှောမှုလဲ ကင်းမယ်၊ မည်သည့်ဘဝကိုမျှ မတောင့်တာဘဲ ရဟန်းကျင့်ဝတ်ကိုကျင့်နေမယ်၊ ကာမဂုဏ်ငါးပါးကို စွန့်ပယ်ထားမယ်၊ သီလကလဲ စင်ကြယ်မယ် ဆိုရင် နိဗ္ဗာန်ကို ဝင်ရောက်ရလိမ့်မယ်'ဟု ဆိုလို ပေသည်။

## ကိုယ်တွေ့တရား ဟောကြားခြင်း

ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးကလည်း 'ဝိပဿနာရှုနည်းကျမ်း နိဒါန်းတွင် အောက်ပါအတိုင်း ရေးသားမိန့်ဆိုထားပါသည်။

(သီးလုံးဆရာတော်ဘုရားကြီးသည် အပ္ပမာဒပဋိပတ်အရာ၌ နေ့,လ အလားကဲ့သို့ ထင်ရှားတော်မူခဲ့လေပြီ။

တဆင့်ကြားရသည်မှာ ရှိန်းမကားရွာ၌ သိမ်သမုတ်ကိစ္စအတွက် မန္တလေး စစ်ကိုင်း စသော ဌာနများမှ ရာဇဂုရုတံဆိပ်ရ ဆရာတော်ကြီးများစွာတို့ စုဝေးမိကြရာတွင် လျှောက်ထား တောင်းပန်သောကြောင့် သီးလုံးဆရာတော် ဘုရားကြီးက သံဃာ့ပရိတ်သတ်အား တရား ဟောပြဆုံးမတော်မူသတတ်။ ဟောသောအခါလည်း ''မိမိသဘောကျ နှလုံးသွင်းအားထုတ်သည့်အတိုင်း ဟောပါမည်။ စကားပလ္လင်ခံပြီးလျှင် အနာဂါမိမဂ်ဖိုလ်တိုင်အောင် ဝိပဿနာ ရှုပုံ, ဝိပဿနာဉာဏ်များဖြစ်ပုံ, မဂ်ဖိုလ်သို့ရောက်ပုံ, ဖလသမာပတ် ဝင်စားပုံတို့ကို ကျနစွာ ပြတော်မူသတတ်။

ဟောအပ်သော တရားတော်သည် ကျမ်းဂန်တတ်ဖြစ်သော ထိုဆရာတော်ကြီးများပင် အံ့သြလောက်အောင် နက်နဲသိမ်မွေ့သတတ်။ ထို့ကြောင့် သင်္ဃာဆရာတော်က–

''ယခု အရှင်ဘုရား ဟောပြသည့်အတိုင်း ကျမ်းပြုစုတော်မူပါက အလွန်ကောင်းပါလိမ့်မည်''ဟု လျှောက်သတတ်။ ထိုအခါ၌ ဆရာတော်ဘုရားကြီးက အမိန့်ရှိတော်မူသည်မှာ–

''ဦးအဂ္ဂရေ၊ ဟောမှုကျင့်မှုကတော့ ကိုယ် သဘောကျသည့်အတိုင်း ပြုလုပ်နိုင်သည်၊ ကျမ်းရေးသားလျှင်တော့ သူတစ်ပါးကျမ်းများနှင့် တူညီစေရသည်၊ ငါတို့ရှိခိုက်မှာ နားလည်အောင် ဖြေနိုင်သော်လည်း ငါတို့က မကြာမီ သေသွားကြမည်။ ထိုအခါမှာ ထူးသောအချက်၌ ငြင်းခုံမှု ဖြစ်ပွားနေရစ်ကြမည်ကို စိုးရိမ်ရသည်''ဟု မိန့်တော်မူသတတ်။ ရှေးဟောင်း အတ္ထုပ္ပတ္တိများကို မြဲမြံစွာ မှတ်သားလေ့ရှိသော ဆိပ်ခွန်ရွာ အင်ကြင်းတော တိုက်သစ်ဆရာတော်ထံမှ မှတ်သားရဖူးသော တစ်ဆင့်ကြားစကားပေတည်း။

အထက်ပါ တစ်ဆင့်ကြားစကားကို ထောက်ထားသောအားဖြင့် 'သီးလုံးဆရာတော်ဘုရားကြီးသည် မိမိအားထုတ်ပုံအတိုင်း ကျမ်းဂန် မရေးသားခဲ့'ဟု ထင်ရှားသိရ၏။ ထိုသို့ မရေးသားခြင်းမှာလည်း ထိုခေတ်ကာလက လိုက်နာမည့် ပုဂ္ဂိုလ် နည်းပါးသောကြောင့်ဟု ယူဆဖွယ် ရှိပေ၏။ 'အားထုတ်ပုံနှင့်ကျမ်းဂန်မတူ' ဟူရာ၌လည်း အမည် ဝေါဟာရမျှကိုသာ စွဲ၍ဆိုသည် ဖြစ်ရာ၏။ သဘောအနက်အားဖြင့်ကား တူညီသည်ဟူ၍သာ ယူသင့်ပေသည်။)

# သပိတ်လွယ်အစ သီးလုံးက

သီးလုံးဆရာတော်ကြီးနှင့် ခေတ်ပြိုင်ဆရ တော်ကြီးများ လက်ထက်တော်တွင် သပိတ်လွယ်နှင့်ဆွမ်းခံကြသော အလေ့အထ မရှိခဲ့ကြပေ။ သပိတ်လွယ်နှင့်ဆွမ်းခံကြ၍ စားခြင်းသည် ဝိနည်းတော်နှင့် ညီ မညီ ဆိုသည့် အမေးတစ်ရပ် ပေါ်ခဲ့ဖူးသည်။ မေးလျှောက်သူမှာ သံဃာတော်အချို့ဖြစ်၍ ဖြေကြားသူမှာ ဝိနိစ္ဆယကျမ်းများ ရေးသားပြုစုသူ ဗန်းမော်ဆရာတော်ဖြစ်သည်။ ထိုဗန်းမော်ဆရာတော်ကြီးက ဖြေကြားပုံမှာ– သီးလုံးဆရာတော်ကြီးကိုယ်တိုင် သပိတ်လွယ်နှင့် ဆွမ်းခံစားကြောင်း၊ ငါ့တပည့်တို့– ရဟန်းကိစ္စ ပြီးချင်ပြီးပါစေ၊ ရဟန်းကိစ္စပြီးသည့်တိုင်အောင် မင်းတို့တွေ သပိတ်လွယ်နှင့် ရပ်ရွာမှာ ဆွမ်းခံစားကြဆိုတဲ့ သီးလုံးဆရာတော်ကြီးရဲ့ ဩဝါဒကြောင့် အာစရိယဟတ္ထမုဒ္ဒိကို ယူပြီး သပိတ်လွယ်ဖြင့် ဆွမ်းခံစားကြခြင်းဖြစ်သည်ဟု ဖြေကြားတော်မူခဲ့လေသည်။ တို့ထွင်ထားတာ မဟုတ်ဟူ၍ မိန့်ကြားတော်မူခဲ့သည်။ ထို့ကြောင့် ရွှေကျင်ဂိုဏ်းအပါအဝင် သံဃာတော်အများအပြားတို့သည် သပိတ်လွယ်ဖြင့် ဆွမ်းခံကြနေကြသည်ကို ယနေ့မျက်မြင် ဖူးတွေ့ကြရကုန်ပေသည်။ ထို့ကြောင့် သပိတ်လွယ်အစ သီးလုံး (သလုံး)က ဟူ၍ ဆိုစမှတ်ပြုနေကြပေသည် ဟူ၍ သီးလုံးစာပေထိန်းသိမ်းရေးအဖွဲ့မှ ဆရာတော် ဦးကုသလ

က မိန့်ကြားတော်မူရင်း လင်္ကာလေးကိုပါ သံနေသံထားဖြင့် ရွတ်ဆိုပြ လိုက်ပါသေးသည်။

*၁။ သီးလုံးဂိုဏ်းထိး ဦးစီးမထေရ်*
*အနာဂါမ်ဟု ဖော်ပြကြပေ၊*
*ကွမ်းဆေးမှုများ မဝါးသောက်စေ*
*· သပိတ်များ လွယ်ထားဆွမ်းခံစေ။*
*၂။ ငါတပည့်များ ထောင်နားကြလေ*
*ရဟန်းကိစ္စ ပြီးကြပါစေ၊*
*သပိတ်လွယ်သုံး သက်ဆုံးတိုင်လေ*
*ဆွမ်းကိစ္စ ဝင်ကြမြို့ရွာတွေ။*
*၃။ သပိတ်လွယ်တွက် တွန့်တက်ပုစ္ဆာ*
*ဗန်းမော်မထေရ် အသေအချာ၊*
*ဝိနိစ္ဆယ ရေးပြခဲ့တာ*
*သီးလုံးက မှန်စဖြစ်သည်ပါ။*

ဗုဒ္ဓမြတ်စွာ၏ သာသနာတော်မှာ အလွယ် ကူ သက်သက် သာ သာ တည်ထောင်တော်မူခဲ့သည်မဟုတ်ကြောင်းကို ဆင်ခြင်စဉ်းစား သတိ ထား၍ အစွန့်ရှည်စွာ တည်တံ့ရလေအောင် စွမ်းနိုင်သူတိုင်းက ကြိုးပမ်း ဆောင်ရွက်သင့်ပါသည်။ တစ်ဦးတစ်ယောက်တည်းနှင့် ဆောင်ရွက်၍ကား အစွန့်ရှည်စွာ တည်တံ့နိုင်သော ကိစ္စကြီး မဟုတ်သည်အလျောက် ဗုဒ္ဓ သာသနာဝင်ပုဂ္ဂိုလ်တိုင်း ကြောင့်ကြမဲ့ မနေသင့်ပါ။ မိမိတို့ စွမ်းနိုင်သည် ဘက်မှ ဝင်ရောက်ကာ တစ်တပ်တစ်အားအဖြစ်ဖြင့် ကြိုးပမ်း အားထုတ် ကြရမည်သာ ဖြစ်ပါသည်။

ရှေ့ဆောင်ကောင်း လိုအပ်သလို နောက်လိုက်ကောင်းလည်း လိုအပ်


လှပါသည်။ ရွှေဆောင်ကောင်း ဟူသည်မှာ တစ်ခေတ်တလေမှသာ ပေါ်ပေါက်လာတတ်ပါသည်။ ရွှေဆောင်ကောင်းတို့ ရွှေဆောင်ရာ၌ ခက်ခဲသလောက် နောက်လိုက်တို့က နောက်လိုက်ကြရန် ခက်ခဲခြင်း မရှိသော်လည်း နောက်လိုက်တို့ တာဝန်မကျေပြွန်ပါက လိုအပ်သောကိစ္စ အတွက် ရည်မှန်းသည့်အတိုင်း ထမြောက်အောင် မြင်နိုင်မည်မဟုတ်ပါ။

ဤသီးလုံးဆရာတော်ဘုရားကြီး၏ တပည့်များစွာတို့တွင် တစ်ပါးအပါအဝင်ဖြစ်သော စစ်ကိုင်းမင်းကွန်းတောင်ရိုး အလယ်တောရ ဆရာတော်ကြီး ဦးမဥ္ဇူသာသည် တစ်ပါးသော ကိစ္စ၌ ကြောင့်ကြမစိုက်မူ၍ အပ္ပမာဒပဋိပတ်၌သာ မွေ့လျော်တော်မူသတတ်။ ထိုဆရာတော်ကြီးထံမှ နည်းနိဿယကို မှတ်သားခံယူဖူးသော မင်းကွန်းဇေတဝန် ဆရာတော်ဘုရားကြီးသည် လွန်ခဲ့သောနှစ်ပေါင်းများစွာမှစ၍ အပ္ပမာဒ သတိပဋ္ဌာန် လုပ်ငန်းတရားကို ပေါ်လွင်ထင်ရှားစွာ ဟောကြားညွှန်ပြတော်မူခဲ့ပေသည်။

ယင်းအပ္ပမာဒ ပဋိပတ်အမွေကို ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးက ဆက်လက် အမွေရကာ အကျယ်ပြန့်ဆုံး ဖြန့်ချီတော်မူခဲ့ရာ စာရှုသူ သူတော်ကောင်းများ မျက်မြင်ကိုယ်တွေ့ပင်ဖြစ်ပါတော့သည်။

# သီးလုံးဆရာတော်ကြီး၏ကျမ်းစာများ

သီးလုံးဆရာတော်ကြီးသည် ကျမ်းပေါင်း ၆၄ ကျမ်း ရေးသားပြုစုတော်မူခဲ့သည်ဟု မှတ်တမ်းအချို့က ဖော်ပြကြသည်။ စာရေးသူ သီးလုံးသို့ ရောက်စဉ် သီးလုံးဆရာတော်ကြီး စာပေထိန်းသိမ်းရေးအဖွဲ့မှ ဆရာတော်ကြီး ရေးသားခဲ့သည်မှာ ၆၄ ကျမ်း ရှိသည်ဟု အတိ အကျပြောပြကြပါသည်။ ကျမ်းများအနက် ဂမ္ဘီရတ္ထဒေသနာကျမ်းကို မန္တလေးမြို့ ပဒေသာစာပေက ရိုက်နှိပ်ထားကြောင်း တွေ့ခဲ့ရသည်။ ထို့အပြင် အခြားသော ကျမ်းငယ်များကိုလည်း စာပေထိမ်းသိမ်းရေးအဖွဲ့က စွမ်းနိုင်သမျှ ကွန်ပျူတာစီ၍ မိတ္တူကူးကာ ဖြန့်ဝေကြသည်လည်း ရှိသည်။ အခြားသော ကျမ်းများကိုလည်း ရိုက်နှိပ် သင့်သလောက် ရိုက်နှိပ်ကြမည်ဟု မျှော်လင့်ရသည်။ ကျန်သောကျမ်းများအနေဖြင့်ကား ပေထက်အက္ခရာဖြင့်သာ ရှိနေသေးသည်။ ပေစာ ကျမ်းများကို သီးလုံးရွာရှိ အနောက်ကျောင်းခေါ် မဟာဝေယံဘုံစံကျောင်းကြီးတွင် မှန်ဘီရိုများဖြင့် စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်ထားသည်ကို တွေ့ခဲ့ရသည်။ စာပေထိန်းသိမ်းရေးအဖွဲ့ကလည်း ဆရာတော်ကြီး၏ကျမ်းစာများကို ပေမူမှ ပုံနှိပ်မူ ဖြစ်ရန် မျှော်လင့်နေကြသည်။ သီးလုံးစာပေ ထိန်းသိမ်းရေးအဖွဲ့မှ အရှင်ကုသလ(သီလုံး) က စာရေးသူအား သူကြိုးပမ်းထားသမျှ ပေမူမှ ကွန်ပျူတာမူသို့ စာချော



သီးလုံးဆရာတော်ကြီး၏ပေစာလက်ရေးမူ

ပြုထားသည့် သီးလုံးဆရာတော်ကြီး၏ နစ္စဒေါသာဒိ ဒီပနီကျမ်းနှင့် သာရဏီယဓမ္မုတ္တရကထာကျမ်း အပါးနှစ်အုပ်ကို ဓမ္မဒါနပြုလိုက်ပါသေးသည်။ စွမ်းနိုင်မည့် ပုဂ္ဂိုလ်များရှိလျှင် အကျိုးများ အသုံးများမည့်ကျမ်းများကို ဦးစားပေး၍ ရိုက်ကြစေလိုကြောင်း ဆန္ဒပြုရပါသည်။

ဆရာတော်ကြီးရေးသားခဲ့သော ၆၄ ကျမ်းသည် ပေမူဖြင့် အပြည့်အစုံ ရှိ မရှိကိုမူ အချိန်မရသဖြင့် မကြည့်ရှုခဲ့ရပေ။ သို့သော် စာပေထိန်းသိမ်းရေးအဖွဲ့က သူတို့ရှာဖွေ စုဆောင်းရသလောက် ကျမ်းစာစာရင်းကိုပေးလိုက်သဖြင့် ဗဟုသုတ လိုလားသူများအတွက် ဖော်ပြပေးလိုက်ရပါသည်။ ပေရွက်ပေါ်တွင် သံကညစ်ဖြင့် ရေးသားရခြင်းသည် လွယ်ကူသောအလုပ်မဟုတ်ကြောင်း သိသာနိုင်ပါသည်။ လယ်တီ ဆရာတော်ကြီးတို့ခေတ်တွင် စာရွက်နှင့်ခဲတံ ပေါ်နေပြီ ဖြစ်သဖြင့် ကျမ်းပေါင်း ၁၀၀ ကျော်ရေးသားပြုစု နိုင်ခဲ့သည်။ အကယ်၍များ သီးလုံးဆရာတော်ကြီးလို အရိယာသူတော်ကောင်းများခေတ်တွင် ဤသို့ စာရွက်နှင့် ခဲတံ



သီးလုံးဆရာတော်ကြီး၏ပေမူကျမ်းစာများ

ပေါ်ခဲ့လျှင် ထိုထက်မက ကျမ်းများရေးသားနိုင်လိမ့်မည်ဟု မျှော်မှန်းရပါသည်။ သို့သော် သီးလုံးဆရာတော်ကြီး၏ အသက်အရွယ်နှင့် ပရိယတ်အရည်အသွေးအရ ပေစာပေါ်တွင် ခဲရာခဲဆစ် ဤသို့ ကျမ်းပေါင်း ၆၄ ကျမ်းအထိ ရေးသားပြုစုနိုင်ခဲ့ခြင်းသည် အစ္ဆရိယအဗ္ဘုတ ဖြစ်ရပါပေတော့သည်။

ဆရာတော်ကြီးရေးသားခဲ့သည့် ပဋ္ဋိပတ္တိ ပကာသနီကျမ်းရှစ်စောင်တွဲနှင့် စပ်လျဉ်း၍ ဓမ္မာစရိယဦးဌေးလှိုင်၏ ကောက်ချက်ကို ဖတ်ရှုကြည့်လျှင် ဆရာတော်ကြီးကျမ်းဂုဏ်ရည်ကို ခန့်မှန်းနိုင်မည်ဖြစ်သည်။ ဆရာတော်ကြီးသည် ကိုယ်တွေ့နှင့်ယှဉ်၍ ပဋ္ဋိပတ္တိကိစ္စကို မရေးသားခဲ့သော်လည်း ပဋ္ဋိပတ္တိပကာသနီကျမ်းသည် ဝိပဿနာအလုပ်အားထုတ်လိုသူ ယောဂါဝစရပုဂ္ဂိုလ်များအတွက် များစွာအထောက်အကူ ရနိုင်လိမ့်မည်ဟု စာရေးသူက ယုံကြည်နေပါသည်။

## ပဋ္ဌာနပတ္တပကာသနီမှတ်သားဖွယ်များ

သီးလုံးဆရာတော်ကြီးသည် ကျမ်းပေါင်း ၆၄ ကျမ်း ပြုစုတော်မူခဲ့သည်ဟု မှတ်တမ်းရှိသည်။ ပြဆိုပြီး ကျမ်းများသာ အထင်အရှားတွေ့ကြရ၏။ ၁၃၁၅ ခုနှစ်က ဦးမောင်ကြီး စသော ဓမ္မမိတ်ဆွေများ၏ ကြိုးပမ်းချက်ကြောင့် မန္တလေးမြို့ မြန်မာ့တာရာ စာပုံနှိပ်တိုက်မှ ဒုတိယအကြိမ်ရိုက် 'ပဋ္ဌာနပတ္တ ပကာသနီကျမ်း' ရှစ်စောင်တွဲ ထွက်ပေါ်လာခဲ့သည်။ အလားတူ ပဋ္ဌာနပတ်ဆိုင်ရာ တိုတိုထွာထွာ ကျမ်းစာများလည်း ရှာဖွေရရှိနိုင်ပေဦးမည်။

ထိုရှစ်စောင်တွဲ၌ စုစုပေါင်း ၂၉၁ မျက်နှာရှိ၍-

၁။ ပဋ္ဌာနပတ္တ ပကာသနီကျမ်း

၂။ ပညတ္တိ ပကာသနီကျမ်း

၃။ ဒိဋ္ဌဘေဒ ပကာသနီကျမ်း

၄။ ဂုဏ်တော်ဖွင့် အကျဉ်းနှင့်အကျယ်

၅။ သင်္ဂဟ ၉-ပိုင်း ဘုရားရှိခိုး

၆။ ကောလင်းသုတ် ပါဌ်အနက်

၇။ ဒွတ္တိံသာကာယ ပါဌ်အနက်ကျယ်

၈။ ဘာဝနာလေးဆယ် အနက်ကျယ်

အံ့ဖွယ် ၁၈-ပါး၊ စေတီ ၄-ပါးဘုရားရှိခိုး၊ ကပ္ပိယ ဘိုးလွန်းပြေ၊ ဘိုးအိုးတို့ လျှောက်ထုံးအဖြေ(မဂ်ဖိုလ်ရခြင်းအကြောင်းအဂါများ)ပါဝင်၏။

ထိုရှစ်စောင်တွဲ ကျမ်းစု၌ ဆရာတော်သည် ''ဘွဲ့တော်အရှင်စန္ဒိမာဖြစ်၍ 'ရွှန်းရွှန်းတက်' ရွာ ဇာတိဖြစ်ကြောင်း'' ဆရာတော်ကိုယ်တိုင်ရေးသားထားသော နိဂုံးများကို တွေ့နိုင်၏။ ပဋ္ဌာနပတ္တ ပကာသနီကျမ်းသည် ၁၂၀၅-ခုနှစ် တန်ခူးလဆန်း ၁၂-ရက် စနေနေ့ ကျမ်းပြီးကြောင်း တွေ့ရသည်။

''ကောလင်းသုတ်'' ဟူသည် ကောလင်းမြို့ မင်းထံ ဆုံးမသော

ဘုရားဟောကျမ်းဂန်လာ မှတ်သားဖွယ်ဂါထာစုဏ်ိယပါဋ္ဌိအနက်များ ဖြစ်၏။ ၎င်းနှင့်အတူ 'နစ္စဒေါသာဒီဒီပနီ'နှင့် 'ဒွတ္တိံသာကာရကမ္မဋ္ဌာန်းကျမ်း' နှစ်ကျမ်းပါ ပေးပို့ကြောင်း ပါရှိ၏။ အောက်ပါ ဂါထာဖြင့် နိဂုံးချုပ်ထားသည်။

စဇ ဒုဋ္ဌန သံသဂ္ဂံ၊ ဘဇ သာဓု သမာဂမံ။

ကရ ပုညံ အဟောရတ္တိံ၊ သရ နိစ္စ' မနိစ္စတံ။ ။

ဒုဋ္ဌန သံသဂ္ဂံ= သူယုတ်မာနှင့် ပေါင်းဖော်ရခြင်းကို၊ စဇ= စွန့်လော့။ သာဓုသမာဂမံ= ပေါင်းဖော်အပ်သော သူတော်ကောင်းကို၊ ဘဇ= ဆည်းကပ်လော့။ အဟောရတ္တိံ= နေ့ညဥ့်ပတ်လုံး။ ပုညံ= ကောင်းမှုကို၊ ကရ= ပြုလော့။ အနိစ္စတံ= ခန္ဓာကိုယ်၏ မမြဲသောအဖြစ်ကို။ နိစ္စံ= အခါ မပြတ်။ သရ= အောက်မေ့လော့။


ကပ္ပိယဘိုးလွန်းပြေ၊ ဘိုးအိုးတို့လျှောက်ထုံး တွင် မဂ်ဖိုလ်ရကြောင်း အကြောင်းအင်္ဂါများကို ပြရာ၌ သရဏဂုံ၊ ငါးပါးသီလမြဲ၍ သက်တော်ထင်ရှား ဘုရားအာရုံစွဲရပုံ၊ ပညာရှိကို မှီဝဲသင့်ပုံများကို ပြဆိုပြီးနောက်–

''ဉာဏ် ဝီရိယနှစ်ပါး ရှေ့သွားပြုလျက် ကံနှစ်ပါးရှိသောသူတို့မှာ မူကား လောကီ၌ ဖြစ်သော ချမ်းသာအကျိုးစီးပွား၊ လောကုတ္တရာ၌ ဖြစ်သော ချမ်းသာအကျိုးစီးပွားတို့ကို လျင်မြန်စွာ ခံစားကြရကုန်၏။ ဉာဏ်ယှဉ်၍ ဝီရိယအား မွေးမြူမှသာ ပါရမီကံ အကျိုးပေးသန်နိုင်လေသည် မှတ်ကြကုန်လော့'' ဟု ဆုံးမတော်မူခဲ့သည်။

ပုဗ္ဗေ ကံသည်သာ ပမာနဖြစ်၍ ထိုကံကို ပစ္စုပ္ပန်ဉာဏ်ဝီရိယဖြင့် တူးဖော်ရန် သတိပေးခြင်း ဖြစ်၏။ (အင်္ဂုတ္တိုရ် စတုက္က၊ စက္ကသုတ်အဖွင့်လည်းကြည့်။)

ထိုကျမ်းစု (၂၇၉)၌ အောက်ပါမှတ်တမ်းသည် သုတေသီတို့အတွက် အကျိုးများလှ၏။

''အရှင်စန္ဒိမာလင်္ကာရအမည်ရှိသော သီးလုံးဆရာတော်ဘုရားကြီး



ဆရာတော်ကြီးသုံးခဲ့သောစာတိုက်ဘီရို

သည် သက္ကရာဇ် ၁၁၄၈ ခုနှစ်တွင် မွေးဖွား၍ သက္ကရာဇ် ၁၂၂၂ ခုနှစ်

တွင် ပျံလွန်တော်မူ၏။ အသက်တော်ကား ခုနစ်ဆယ့်ငါးနှစ်နေရသည်။ (ရဟန္တာနှင့်ပုဂ္ဂိုလ်ထူးမှ)

ပထမသီးလုံးဆရာတော်ဘုရားကြီးရေးသားပြုစုသော
ကျမ်းစာများ

၁။ အပလောကန ကမ္မ ဝိနိစ္ဆယ
၂။ သေနာသန ပဋိဂ္ဂဟန ဝိနိစ္ဆယ
၃။ အာသန ဝိနိစ္ဆယ
၄။ အတ္တရဏာ ဝိနိစ္ဆယ
၅။ ပဋ္ဌာဘိသိ ဝိနိစ္ဆယ
၆။ သေနာသန ဘာဂဝိနိစ္ဆယ
၇။ အလဇ္ဇီ မုဂ္ဂုလ ဝိနိစ္ဆယ
၈။ ဥပေါသထပဝါရဏာဒိဝိနိစ္ဆယ
၉။ ဘိက္ခု ပရိဘောဂ ဝိနိစ္ဆယ
၁၀။ စေတိယ ဂေါပက ဝိနိစ္ဆယ
၁၁။ ပဒီပမူ ဇာရဟ ဝိနိစ္ဆယ
၁၂။ ဝေယျာဝစ္စ ကရ ဝိနိစ္ဆယ
၁၃။ ဓမ္မပါနဝိနိစ္ဆယ
၁၄။ အလဇ္ဇီ သံဝါသ
၁၅။ ဓမ္မဿဝန ဝိနိစ္ဆယ
၁၆။ ကုလဒူသ ဝိနိစ္ဆယ
၁၇။ ဂန္ထိရတ္တ ဒေသန (မန္တလေးမြို့ ပဒေသာစာပေမှ ရိုက်နှိပ်သည်။
၁၈။ ပဋိပတ္တိ ပကာသနီ
၁၉။ ပညတ္တိ ပကာသနီ
၂၀။ ဒိဋ္ဌိဘေဒပကာသနီ

၂၁။ ဗုဒ္ဓဂုဏ်တော် အကျဉ်းအကျယ်
၂၂။ စေတီလေးပါး ဘုရားရှိခိုး
၂၃။ အံ့ဖွယ် ၁၈ ဖြာ ဘုရားရှိခိုး
၂၄။ ဘိုလွှန်းပြေလျှောက်ထုံးဝိနိစ္ဆယ
၂၅။ မူလပဏ္ဏာသ ၄ သျှ ပ.ဒု တ (ပေမူ)
၂၆။ မူလာယ ပဋိကာသန ဒီပနီ
၂၇။ သာရဏီယ ဓမ္မုတ္တရကထာ
၂၈။ ပစ္စယ ကာရပကာသနီ အကျဉ်းအကျယ်
၂၉။ စတုသစ္စ ပကာသနီ
၃၀။ ကထိန ဝိနိစ္ဆယ
၃၁။ နစ္စဒေါသာဒိ ဒီပနီ
၃၂။ ဘာဝနာလေးဆယ်
၃၃။ ဒွတ္တိံသကမ္မဋ္ဌာန်းပါဠိအနက်
၃၄။ ကောလင်းသုတ်
၃၅။ ကဓါအထွက်အတက်
၃၆။ ဝိနည်းဖြတ်ထုံး
၃၇။ ဥပေါသထ ဝိနိစ္ဆယ
၃၈။ အရိယာဝံသသုတ်
၃၉။ ဓမ္မစကြာ (သျှာ)
၄၀။ ဝိနယဂဏ္ဌိရာသိ
၄၁။ ဝိသုဒ္ဓိမဂ္ဂဒီပနီ (မတွေ့သေး)
၄၂။ ဝိမတိစ္ဆေဒနီကျမ်း (မတွေ့သေး)

ကျမ်းပေါင်း ၆၄ ကျမ်းဆိုသော်လည်း ရသလောက်အစုစာရင်းကိုသာ ဖော်ပြလိုက်ရပါသည်။ (စာရေးသူ)

# မာတုစေတီတော်

## သီးလုံးဆရာတော်ကြီး၏ကျောင်းနှင့်
## မာတုစေတီတော်


သီးလုံးဆရာတော်ကြီးသည် သာမဏေငယ် ဘဝမှစ၍ ရဟန်း ၁၃ ဝါရသည်တိုင်အောင် ဒီပဲယင်း၊ လက်ယက်ကုန်းရွာအနီးရှိ နမော ကျောင်းတိုက်ကြီး၏ ဒုတိယနမောဆရာတော် အရှင်ဝိစာရိန္ဒ စသည့် မထေရ်မြတ်ကြီး ၅ ပါးထံတွင် ပရိယတ္တိစာပေကို သင်ယူတတ်မြောက်ခဲ့ လေသည်။ ၁၁၈၁ ခုနှစ်တွင် ရွှေဘိုမြို့၏ အနောက်မြောက်ယွန်း ၇ မိုင်ခန့်ကွာဝေးသည့် သီးလုံးရွာသို့ ခွန်တောင်း၊ ညောင်ကန်၊ ပန်းရုံ၊ လိတ်ချင်း၊ နှမစားရစ်၊ ဇီးဖြူကုန်း၊ သီးလုံး ဟူသည့် ၇ ရွာအရှင် ရွှေတောင်သင်္ဂဟအနုရုဒ္ဓါ မည်သောမင်း၏အမတ် ဦးဝိုက်–ဒေါ်အေး တို့က ကန်ရင်းလေးထပ်ကျောင်းဆောက်လုပ်၍ နမော ဆရာတော်ကြီး ထံမှ သီးလုံးဆရာတော်ကြီးကို လျှောက်ထားတောင်းယူပြီး ကျောင်းကြီးကို လှူဒါန်းကြလေသည်။ ထိုကျောင်းကြီးသည် ယခုအခါ သီးလုံးရွာမကြီး၏ အရှေ့တည့်တည့်နှင့် သီးလုံးရွာနှင့်ဆိုလျှင် မြောက်ဘက်တည့်တည့်တွင် တည်ရှိပေသည်။

ထိုကျောင်းကြီးသည် နှစ်ပေါင်း ၂၀၀ နီးပါးမျှ ကြာမြင့်ခဲ့သဖြင့် အလွန်အိုမင်းဟောင်းနွမ်းနေပေပြီ။ သို့သော် ယခုတိုင် ထိုကျောင်းကြီးတွင်



ဦးဝိုက်လှူဒါန်းခဲ့သည့်ကန်ရင်းကျောင်း

သံဃာတော်များ သီတင်းသုံးနေထိုင်လျက် ရှိကြသည်။ ကျောင်းကြီးသည် စာရေးသူ၏ မျက်မြင် ကိုယ်တွေ့အရ လက်ရှိအခြေအနေမှာ ၃ ဆောင် ပြိုင်ကျောင်းကြီးဖြစ်သည်။ အချို့တိုင်များ အကာများ ထိုက်သင့်သလို လဲလှယ်အစားထိုးခဲ့ကြရသော်လည်း ရှေးမူမပျက်ပင် ရှိနေပါသေးသည်။ ထိုကျောင်းကြီး ဘုရားဆောင်၏ ပလ္လင်တော်ပေါ်တွင် နရပတိမင်း၏ ကောင်းမှုတော် သက်နက်ရုပ်ပွားတော်တစ်ဆူ ကိန်းဝပ်စမ္ပယ်လျက်ရှိသည်။ ၁၁၉၀ ပြည့်နှစ်တွင် သီးလုံး ဆရာတော်ကြီးသည် သက်နက်ဘုရားဆင်းတုတော်ကို ထပ်မံပြုပြင်၍ အမြဲမပြတ် ကိုးကွယ် ဆည်းကပ်တော်မူသည်ဟု သိရသည်။ ဘုရား၏ ဉာဏ်တော်မှာ အောက်ခံကြာ ပလ္လင်နှင့်ပါဆိုလျှင် ၂ ပေနီးပါးခန့်ရှိသည်။ ဘုရားရုပ်တုတော်ကို ပင့်ဆောင်ကြည့်သောအခါ ယောက်ျား တစ်ယောက်အားဖြင့် အားစိုက်၍ မ,ယူမှရသည်။ ရှေးဟောင်းဘုရားတစ်ဆူဖြစ်သဖြင့် သီးလုံးစာပေ ထိန်း



သက်နက်ရုပ်ပွားဆင်းတုတော်


သိမ်းရေးအဖွဲ့က ရွှေအစစ်သင်္ကန်း ကပ်၍ ဂရုတစ်စိုက် ထိန်းသိမ်းထားသည်ကို တွေ့ခဲ့ရပါသည်။

ဆရာတော်ကြီးသည် သင်္ကနက်မြတ်စွာဘုရားကို နေ့ညမပြတ် ဆည်းကပ်ပူဇော်ခဲ့သည်ဟု ခန့်မှန်းကြည့်သိုနိုင်ကြမည် ဖြစ်သည်။ ထို့ အပြင် အလောင်းမင်းတရားကြီး ဦးအောင်ဇေယျ၏ နန်းတော်တိုင်များကို ရုပ်ပွားတော် ၆၄ ဆူ ထုလုပ်ပြီး ရွှေဘိုဒိစတြိတ် ၆၄ ရွာအား ပူဇော်စေ ခဲ့သော နန်းတော်တိုင် ရုပ်ပွားတော်တစ်ဆူကိုလည်း ထိုကျောင်းကြီးပေါ် တွင် သီတင်းသုံးလျက်ရှိသည်ကို ယခုတိုင် ဖူးမြော်နိုင်ကြပါသည်။ ထို ရုပ်ပွားတော်မျိုးတစ်ဆူကိုလည်း ဆိပ်ခွန်ရွာထိပ်ရှိ လောကမာရဇိန် ဘုရား ကြီးဝင်းတွင်လည်း အပူဇော်ခံလျက်ရှိနေပါသည်။

ထိုကန်ရင်းလေးထပ်ကျောင်းကြီး၏ အရှေ့ဘက်တွင် သီးလုံး ဆရာ



သီးလုံးဆရာတော်ကြီးကိုယ်တိုင်စိုက်ပျိုးတော်မူခဲ့သော မဟာဗောဓိညောင်ပင်။ (ဂမ္ဘီရတ္ထဒေသနာကျမ်းကို ယင်းညောင်ပင်အောက်တွင် ရေးသားခဲ့သည်။)



ဆုတောင်းပြည့်စေတီ၊ သစ္စရစေတီနှင့်
ဒုတိယနမောဆရာတော်၏ဓာတုစေတီ


တော်ကြီးကိုယ်တိုင် စိုက်ပျိုးတော်မူခဲ့သော မဟာဗောဓိပင်ကြီး တစ်ပင် ရှိသည်။ ဆရာတော်ကြီး၏ ထေရုပ္ပတ္တိကျောက်စာလည်း ရှိပါသည်။ သီးလုံးဆရာတော်ကြီး သီတင်းသုံးနေတော်မူစဉ်က ကျောက်စာ နေရာတွင် ရှားကျောင်းလေးတစ်ကျောင်း ရှိသည်ဟု ဆိုပါသည်။ ထို ကျောင်းလေးတွင်ပင် ဆရာတော်ကြီးသည် ဆုတောင်းပြည့်စေတီ၏ အနီးတွင် ဂမ္ဘီရတ္ထဒေသနာကျမ်းကို ရေးသားပြုစုကြောင်း ထိုကျမ်း၏နိဂုံးတွင် ရေးသားထားသည်ကို တွေ့ရှိရပေသည်။ ဆရာတော်ကြီး ရေးသားပြုစုသည့် ကျမ်းအတော်များများသည် ထိုရှားကျောင်းလေးနှင့် ကိုယ်တိုင် စိုက်ပျိုးထားသည့် ဗောဓိညောင်ပင်၏အောက်တွင် ရေးသားခဲ့သည်က များသည်ဟု စာပေထိန်းသိမ်းရေးအဖွဲ့၏ပြောပြချက်အရသိရှိခဲ့ရပါသည်။

ဗောဓိညောင်ပင်၏ရှေ့တွင် မဟာရံတံတိုင်း ကာရံလျက် ဆုတောင်းပြည့်စေတီ၊ သစ္စာရစေတီ၊ ဒုတိယနမောဆရာတော် ဦးဝိစာရိန္ဒ၏ အရိုးအိုး ဓာတုစေတီများ အထင်အရှားရှိနေပေသည်။ ရှေးဆရာတို့၏ အဆိုအမိန့်အရ ထိုဆုတောင်းပြည့်စေတီတော်ကြီးကို ငုံပြီး သိမ်သမုတ်ထားသည်ဟု သိရသည်။ သီးလုံး ဆရာတော်ကြီး၏ ဆရာဖြစ်သော ပထမနမော ဆရာတော်ကြီးအရှင်ပုညာရမ္မနှင့် ဆရာတော်ဦးဝိစာရိန္ဒတို့ ကိုယ်တော်တိုင်ဦးစီး၍ သိမ်သမုတ်ခဲ့ကြသည်ဟုလည်း ဆိုပါသည်။ ယခုခေတ်တွင် ဤကဲ့သို့ စေတီကိုငုံ၍ သိမ်သမုတ်သည်ဆိုခြင်းမှာ မရှိသလောက်ပင် ဖြစ်သည်။ ဆရာတော်ကြီးသည် ဗောဓိပင်အောက်နှင့် တစ်ပါးနေ ရှားကျောင်းတွင် ကျမ်းပြုစုခြင်း၊ တရားရှုမှတ်ပွားများခြင်းတို့ကို ဝီရိယစိုက်၍ ကြိုးပမ်းတော်မူခဲ့လေသည်။ ထိုနေရာလေးကို အောင်မြေအဖြစ် သတ်မှတ်၍ အထိမ်းအမှတ် နေရာလေးတစ်ခုအဖြစ် ထိန်းသိမ်းထားသည်ကို တွေ့ခဲ့ရပေသည်။


အစ်ကိုဖြစ်သူ ဦးဝိုက် ဆောက်လုပ်လှူဒါန်းသည့် ကန်ရင်းလေးထပ်ကျောင်းကြီး၏ ပေ ၂၀၀ ခန့်အကွာတွင် ဦးဝိုက်၏ညီဖြစ်သူ မင်းကြီး

ဦးစိုးဆောက်လုပ်လှူဒါန်းသည့် မဟာဝေယံဘုံစံကျောင်းကြီးတစ်ကျောင်း ရှိပေသေးသည်။ ထိုကျောင်းကြီးကို ယခုအခါသီးလုံးအနောက် ကျောင်းကြီး ဟု ခေါ်ကြသည်။ ကျောင်းဆောင်တော်ကြီး၏ မူလပုံစံသည် ဘုံခုနစ်ဆင့်ပါသော ကျောင်းဦးပြာသဒ်နှင့်တွဲလျက် စနူဆောင်– ဇေတဝန်ဆောင် ခေါ် ကျောင်းမနှင့်တွဲထားသည်။ ထို့ပြင် ဘောဂဆောင် အမိုးလေးထပ်အဆောင်များတွဲလျက် အပြင်မုဝန်းရံထားသည့် စမျင်ခံ ခေါ် အပြင်စကြံန်လှေခါး ခုနစ်စင်းပါဝင်သည်။ တိုင်ပေါင်းသုံးရာ့ခြောက်ဆယ်ရှိသည်။ တိုင်တစ်တိုင်လျှင် လူတစ်ဖက်စာနီးပါးမျှ ကြီးသည်။

ဆရာတော်ကြီး ဆည်းကပ်ကိုးကွယ်တော်မူခဲ့သည့် မံဘုရားခေါ် နီးဖြင့်ယက်လုပ်ပူဇော်ထားသည့် ချမ်းသာကြီးဆုတောင်းပြည့်ဘုရားကြီးသည် ယနေ့ထက်တိုင် မပျက်မစီးဘဲ အပူဇော်ခံ လျက် ရှိနေပါသေးသည်။



မဟာဝေယံဘုံစံကျောင်းတိုက်အတွင်းရှိ မံဘုရား ခေါ် နီးဘုရား



ကြေးပိဿာ ၂၀၀ ရှိ ခေါင်းလောင်း

ဘုရားဆောင်ကြီးသည် ကျောင်းမကြီး၏ အလယ် တည့်တည့်တွင် တည်ရှိသည်။ ရှေးခေတ်သုံး စာတိုက်၊ ဘီရိုကြီးများသည်လည်း လက်ရာမြောက်သော ခြူးပန်း ခြူးနွယ်တို့ဖြင့် ရွှေရောင်မပျက် တည်ရှိနေပါသေးသည်။ ကျောင်းကြီး၏ရှေ့တွင် ဗဟိုစည်စင်ဆောက်၍ ပိဿာ ၂၀၀ အချိန်ရှိသည့် ကြေးခေါင်းလောင်းတော်ကြီးကိုလည်း တည်ဆောက်ထားပါသည်။ ယခုအခါ နှစ်ပေါင်း ကြာလာသဖြင့် တိုင်ပေါင်း ၉၆ တိုင်သာရှိတော့သည်ဟု ကျောင်းထိုင် ဆရာတော် ဦးဝါယမိန္ဒက မိန့်ကြား ပါသည်။

ထိုကျောင်းတော်ကြီးကို မင်းကြီး ဦးစိုး (ခေါ်) မင်းတုန်းမင်းကြီး ချီးမြှင့်သည့် ဗိုလ်ချုပ် သီးလုံး ဝန်ကြီး မင်းကြီးမဟာရာဇသကြံန်၊ ဝန်ကတော် ဒေါ်မယ်စီတို့က ၁၂၀၆ ခုနှစ်တွင် ဆောက်လုပ်၍ လှူဒါန်းခဲ့ကြခြင်းဖြစ်သည်။ သီးလုံးဆရာတော်ကြီး၏ ဘွဲ့တံဆိပ်တော်များနှင့် မင်းကြီး ဦးစိုး၏ ဘွဲ့တံဆိပ်ရရှိပုံများသည် မှန်နန်းရာဇဝင်တော်ကြီး တတိယတွဲနှင့် ကုန်းဘောင်ဆက်ရာဇဝင်တော်ကြီး ဒုတိယတွဲကို အခိုင်အမာပါရှိကြောင်း စာပေထိန်းသိမ်းရေးအဖွဲ့ ဆရာတော် ဦးကုသလက ရှင်းပြခဲ့ပါသည်။

၁၂၁၆ ခုနှစ်တွင် သီးလုံးဆရာတော်ကြီးနှင့် တပည့်စာသင်သား



သီးလုံးကျောင်းထိုင်ဆရာတော်
ဦးဝါယမိန္ဒ

ဝါဆို သံဃာရဟန်းတော် ၃၈ ပါး၊ သာမဏေ ၂၉ ပါးတို့အား မင်းတုန်း မင်းကြီးက အရဏ်နှင့် နေ့ဆွမ်း အတွက် ဆွမ်းဆန်တော်ဖိုးသင့်ငွေ ၃ ပိဿာ၊ ၁ ကျပ်၊ ၅ မူးနှင့် ရဟန်းတော် ၃၈ ပါးတို့အား တိစီဝရိက်သင်္ကန်း ၁၁၄ ထည်၊ သာမဏေ ၂၉ ပါးတို့အား ကေသီ သင်းပိုင်နှစ်ထည်နှုန်းဖြင့် ၅၈ ထည် စုစုပေါင်း ၁၇၂ ထည်နှင့် ကွမ်းသီး ၅၂ ပိဿာ၊ ၅၀ ကျပ်သားတို့အား မိုင်းလုံမြို့စား သီးလုံး ဝန်ကြီးဦးစိုး၏အစ်ကို ရွာအုပ်ဦးဝိုက်မှ တစ်ဆင့် လစဉ် လှူဒါန်းတော်မူစေခဲ့ပါသည်။

အထက်ဖော်ပြပါကျောင်းကြီး ၂ ကျောင်းတွင် သီးလုံးဆရာတော်ကြီးသည် သီတင်းသုံး၍ နေထိုင်တော်မူခဲ့ပါသည်။ ကင်းတောရဆရာတော်နှင့် တွေ့ဆုံပြီးနောက် သံဝေဂဉာဏ် ပိုမို၍ ရတော်မူလျက် ထိုကျောင်းများမှ ဖယ်ခွာ၍ ကုလလေးတာ ပြန်ငါးရာဆိုသည့် စာအတိုင်း သီးလုံးဆရာတော်ကြီးသည် တောရဆောက်တည်တော်မူခဲ့ပါသည်။ စာပေအရဆိုလျှင် တောရဆောက်တည်မည့်ကျောင်း နေရာသည် လူတို့နေထိုင်ရာရွာနှင့် အတောင် ၂၀၀၀ ထက် မနည်း ကွာလှမ်းရမည်ဖြစ်သည်။


ရွာ၏အစပ်တွင် နေထိုင်သည့် မုဆိုးမတစ်ဦး၏အားဖြင့် စကော တစ်ချပ်ကို လှွင့်ပစ်၍ ထိုစကောကျသည့်နေရာမှ လူတို့၏အတောင် ၂၀၀၀ ကွာဝေးသောအရပ်သည် တောရမည်သည်ဟု ရှေးစာများက ဖော်ပြကြပါသည်။ ထို့ကြောင့် ဆရာတော်ကြီးသည် သီတင်းသုံးတော်မူ ရာ မဟာဝေယံဘုံစံကျောင်းတော်ကြီးနှင့် အတောင် ၂၀၀၀ ထက်မက ဝေးကွာလိမ့်မည်ဟု ခန့်မှန်းရပါသည်။ ထိုတောရဆောက်တည်သည့် နေရာသည် သီးလုံးရွာမှ ရွာ၏အပြင်သို့ အတော်ကလေး သွားရပါသည်။ ဆရာတော်ကြီး တောရဆောက်ခဲ့သည့်နေရာတွင် စေတီတစ်ဆူနှင့် ကျောင်းကလေးတစ်ကျောင်း ဆောက်လုပ်ထားသည်ကို တွေ့ခဲ့ရသည်။ မန်ကျည်းပင်အရိပ်များ ဝေဆာလျက် အလွန်အေးမြလှပေသည်။ စာရေး သူ ရောက်ခဲ့သည့်အချိန်တွင်မှ ဤမျှလောက်အေးချမ်းသာယာနေပါလျှင် လွန်ခဲ့သည့် နှစ်ပေါင်းတစ်ရာကျော်တွင် သီးလုံးဆရာတော်ကြီး တောရ



တောရကျောင်းသို့သွားသည့်လမ်း

ဆောက်တည်၍ ကျင့်ကြံပွားများသည့်အချိန်တွင် အေးချမ်းတိတ်ဆိတ်လျက် သူတော်ကောင်းတို့ နှလုံးမွေ့လျော်ဖွယ် ဖြစ်ပေလိမ့်မည်ဟု မှန်းဆကြည်ညိုခဲ့မိပါသည်။

ရဟန္တာအရှင်မြတ်ကြီးဟု ကျော်စောသော သီးလုံးဆရာတော်ကြီးသည် ၁၂၂၂ ခုနှစ်၊ နယုန် လဆန်း (၁) ရက်နေ့တွင် ချုပ်ငြိမ်းတော်မူခဲ့ပါသည်။ ဆရာတော်ကြီးနှင့် တပည့်ရဟန်း သာမဏေများအား သင်္ကန်း–ဆွမ်းဆန်တော်တို့ကို လစဉ်ထောက်ပံ့လှူဒါန်းသော မင်းတုန်းမင်းကြီးသည် ၁၂၂၃–ခုနှစ်တွင် မြသိမ်းတန်စေတီတော်ကြီးကို စတင်တည်ထားပြီး ကျေးဇူးတော်ရှင် ပထမသီးလုံးဆရာတော်ဘုရားကြီး၏ ကြွင်းကျန်ရစ်သော ဓာတ်တော်များကို အဖိုးတစ်သိန်းထိုက်သည့် မြသပိတ်၌ ထည့်သွင်းကာပူဇော်ခဲ့ပေသည်။ ထိုစေတီတော်ကြီးကို တစ်နှစ်အကြာ ၁၂၂၄ ခုနှစ်



သီးလုံးဆရာတော်ကြီးတောရဆောက်တည်ခဲ့ရာ အထိမ်းအမှတ်
တောရစေတီနှင့်ကျောင်း

တွင် ထီးတော်တင် လှူခဲ့လေသည်။

မင်းတုန်းမင်းကြီးသည် ဆရာတော်ကြီး သက်တော် ၇၅ ခုနှစ်တွင် ချုပ်ငြိမ်းတော်မူခြင်းကို အကြောင်းပြု၍ စေတီတော်ကြီး၏ ဉာဏ်တော် အမြင့်ကို ၇၅ တောင်ပြည့်တည်ထားတော်မူလေသည်။ ဘိနပ်တော်မှ ခရေးသီးအထိ ၆၂ တောင်၊ ထီးတော်အရပ် စိန်ဖူးတော်အထိ ၁၃ တောင်ရှိ၍ ဘိနပ်တော်အကျယ် အတောင် ၆၀၊ ပထမပစ္စယံ အတောင် ငါးဆယ်၊ ထီးတော်အကျယ် ၄ တောင် ၁ ထွာ၊ ဘုရားပရိဝုဏ်အကျယ် ၁၈၂ တောင် (တစ်မျက်နှာစာ) ပတ်လည်တို့ဖြင့် တည်ဆောက်တော်မူခဲ့လေသည်။

မြသိန်းတန်စေတီတော်ကြီးသည် သီးလုံးတောင်ရွာ၏ ထိပ်တည့်တည့်တွင် တည်ရှိပေသည်။ ထိုစေတီတော်ကြီးသည် မဟာစည် ဆရာ



သီးလုံးဆရာတော်ကြီး၏
အရိုးအိုး ဓာတုစေတီ



ဓာတုစေကီတောင်ဘက်ရှိ
မဟာမုနိဘုရားကြီး

တော် ဘုရားကြီး၏ဇာတိရွာ ဆိပ်ခွန်ရှိ အင်ကြင်းတောစေတီတော်ကြီးနှင့် တစ်ပြိုင်နက် တည်သည်ဟုလည်း အဆိုရှိပါသည်။ မြသိန်းတန် စေတီ၏ ဘုရားကြီးအခြေတွင် မဟာမုနိမြတ်စွာ ဘုရားဆင်းတုတော်ကို ၁၃၁၈– ခုနှစ်တွင် တည်ထား ကိုးကွယ်ခဲ့ကြောင်းလည်း မှတ်တမ်းအရ ဖူးမြော်ခဲ့ရ ပေသည်။ ဘုရားပွဲတော်ကို နှစ်စဉ် တန်ဆောင်မုန်းလပြည့်နေ့တွင် ကျင်းပပြီး ဆွမ်းတော်ကြီးလောင်းလှူကြသည်ဟု သိရှိခဲ့ရသည်။ ယခု အခါတွင် ဘုရားပွဲကို မကျင်းပဖြစ်တော့ဘဲ ဆွမ်းတော်ကြီးလောင်းလှူ ပွဲကိုသာ နှစ်စဉ်လောင်းလှူကြကြောင်း ရွာခံများက ပြောပြကြပါသည်။ ယခုတိုင်အောင်ပင် မြသိန်းတန်စေတီတော်ကြီးကို ထုံးဖြူဖြူ ဖွေးဖွေးဖြင့် ဖူးမြော်ကြည်ညိုနိုင်ကြပါသည်။ သီးလုံးဆရာတော်ကြီးကို အကြောင်းပြု၍ သီးလုံး ရွာသူရွာသားများ ကံကောင်း၍ ကုသိုလ်ပြုခွင့် ရကြပါပေသည်ဟု သာဓုခေါ်ဆိုရသည် ဖြစ်ပါသည်။

## အလယ်တောရဆရာတော်ကြီး

မူလမင်းကွန်းဇေတဝန် ဆရာတော်ဘုရား ကြီးအား ဗုဒ္ဓမတညှု အဋ္ဌကထာ ဆရာတစ်ဆူ အဖြစ်ထိအောင် ပရိယတ္တိစမ့်ဖြင့် ချီးမြှောက်ပေး တော်မူခဲ့ကြသော ဆရာသမားတို့မှာ ၁။ စော်ကဲ ဆရာတော်ဘုရားကြီး၊ ၂။ နောင်တော်ဖြစ်သော ဆရာတော်ဦးလက္ခဏ၊ ၃။ ဂိုဏ်းချုပ် ဦးရာဇိန္ဒ ဆရာတော်ဘုရားကြီးများနှင့် ပရိယတ်ပဋိပတ် နှစ်ရပ်စလုံးဖြင့် ချီးမြှောက် တော်မူသော ၄။ အလယ်တောရ ဆရာတော်ဘုရားကြီးတို့ ဖြစ်ပါသည်။

ထိုဆရာတော်ဘုရားကြီးများအနက် တောင်ပေါ်ကြီးကျောင်း ၃– ဂိုဏ်းချုပ် ဦးရာဇိန္ဒ ဆရာတော်ဘုရားကြီးနှင့် အလယ်တောရ ဦးမဥ္ဇူ ဆရာတော်ဘုရားကြီးနှစ်ပါးတို့မှာ သီးလုံးဆရာတော်ဘုရားကြီး၏ တပည့် များဖြစ်ကြပါသည်။ အလယ်တောရ ဦးမဥ္ဇူဆရာတော်ကြီးမှာ ကျောင်း သား ၁၁၀ ငယ်စဉ်မှစ၍ သီးလုံးဆရာတော်ဘုရားကြီး၏ နောက်ပါ

ထံနီးမကွာ နေလာခဲ့ရသော တပည့်ရင်းချာ ဖြစ်ပါသည်။

တပည့်ရင်းချာ ဖြစ်သည့်အတိုင်းလည်း အလယ်တောရ ဆရာတော်ဘုရားကြီးသည် ဆရာဖြစ်သော သီးလုံးဆရာတော်ဘုရားကြီး၏ နည်းနာနယသို့ လိုက်ကာ သတိပဋ္ဌာန် ဒေသနာတော်လာ အပ္ပမာဒတရားဖြင့်သာ နေ့ညမကွာ နေထိုင်တော်မူခဲ့ပါသည်။ ထိုဆရာတော်ဘုရားကြီး၏ အားထုတ်မှုနှင့် နေထိုင်သွားလာပုံ သီလ သမာဓိ ပညာဂုဏ်တို့ကို အမြဲသတိထား နေလာခဲ့ကြသော မင်းကွန်းဌာနရှိ တပည့်တပန်းတို့က အလယ်တောရဆရာတော်ကြီးကိုလည်း အနာဂါမ်ဆရာတော်ဘုရားကြီးဟူ၍ ယုံကြည် လေးစား အားထားလာခဲ့ကြပါသည်။

စစ်ကိုင်းမင်းကွန်းအလယ်တောရ ဆရာတော်ကြီး သီတင်းသုံးခဲ့ရာ အလယ်တောရ ကျောင်းတော်ကြီးသည် ယခုတိုင် စစ်ကိုင်း မင်းကွန်းတွင် တည်ရှိနေဆဲဖြစ်သည်။ နေရာမှာ မင်းကွန်းတိပိဋကဆရာတော်ကြီး သီတင်းသုံးရာ ဓမ္မနာဒကျောင်းတိုက် ရောက်ခါနီးတွင် ဘယ်ဘက်သို့ ချိုးကွေ့ပြီး တောင်တက်လမ်းလေးအတိုင်းသွားလျှင် ရောက်ပါသည်။ ကျောင်းအဝင်မုခ်ဦးသည် အခြားသောကျောင်းများနှင့် မတူဘဲ တစ်မူထူးခြားနေသည်ကို တွေ့ရသည်။ မုခ်ဦးအတွင်းသို့ တည့်တည့်ဝင်၍မရ၊ မြှန်းခနဲ ဆိုလျှင် အုတ်တံတိုင်းဖြင့် ကာရံ၍ပိတ်ထားသည်ဟု ထင်ရသည်။ အနီးသို့ရောက်သောအခါတွင်မှ ဘေးတစ်ဘက်တစ်ချက်တွင် ထိပ်တိုက်တည်ရှိ နေသည့် အုတ်လှေကားမှ တက်ရသည်။

(ပုံတွင် မြင်တွေ့ကြရပါမည်။)

အလယ်တောရဆရာတော်ကြီး နောက်တွင် ဆရာတော်များ အစဉ်အဆက် သီတင်းသုံးခဲ့ကြ သည်မှာ ယနေ့တိုင်အောင်ပင် တည်တံ့နိုင်မြဲလျက်ရှိသည်ကို တွေ့ရသည်။ ဆရာတော်ကြီးတို့၏ခေတ်တွင် ဓာတ်ပုံများပေါ်သေးဟန်မတူပါ။ ထို့ကြောင့် ပုံတော်ကို မဖူးတွေ့ခဲ့ရပေ။ သို့သော် ဆရာတော်ကြီး၏ နောက်အစဉ်အဆက် ဆရာတော်များ၏ ပုံတော်တို့ကို



အလယ်တောရကျောင်းတိုက်မုခ်ဦး

မှတ်တမ်းတင်နိုင်ခဲ့သဖြင့် ကျေးဇူး များရပါသည်။ အစဉ်အဆက် ဆရာတော်တို့မှာ ဦးကုသလ၊ ဦးစန္ဒိမာ၊ ဦးဝါယမ နှင့် လက်ရှိ သီတင်းသုံးနေသော ဆရာတော်မှာ ဦးကုသလ ဖြစ်သည်။ ဝါတော်ကား ငယ်ပါသေးသည်။ အလယ်တောရဆရာတော်ကြီး၏ ဘွဲ့တော်မှာ ဦးမဥ္ဇူ၊ ဦးမဥ္ဇူသာ၊ ဦးမဥ္ဇူသာရ ဟူ၍ သုံးမျိုးတွေ့ရှိရပါသည်။ အများ အသုံးအရေး များသည်မှာ ဦးမဥ္ဇူသာ ဟူ၍သာ တွေ့ရှိရပါသည်။




အလယ်တောရ
တောင်ကုန်းပေါ်မှစေတီ

ဆရာတော်ကြီး၏လက်ထက်တွင် ကိုးကွယ်တော်မူခဲ့သော ဆင်းတုတော်၊ သိမ်တော်၊ ကုန်းမြင့်တွင် တည်ထားသည့် စေတီတော်ကြီးနှင့် ရှေးဟောင်း ကျောင်းအုတ်ရိုးကြီးတို့ကို ထင်ရှားစွာ မြင်တွေ့



အလယ်တောရ
ဆရာတော်ကြီး၏ သလွန်ရှိရာ
ကျောင်း



အလယ်တောရကျောင်း
အုတ်ရိုးဟောင်း

ဖူးမြော်ခွင့်ရခဲ့ပါသည်။ ဆရာတော်ကြီး သက်တော်ထင်ရှားရှိစဉ်က အသုံးပြုခဲ့သော သလွန်တော်သည် ယခုတိုင် ကောင်းမွန်စွာရှိ၍ ထိန်းသိမ်းထားကြပါသည်။ အလယ်တောရ ဆရာတော်ကြီး၏အကြောင်းကို ရှာဖွေပါသော်လည်း မရရှိဘဲ တိမ်မြုပ်လျက်ရှိနေပါသည်။ သုတေသီတို့က လက်လှမ်းမီသမျှ ထုတ်ဖော်ပြဖို့ ဆန္ဒပြုရပါသည်။ သထုံမင်းကွန်းဇေတဝန်ဆရာ စဉ်ဆက် တွင် အလယ်တောရဆရာတော် ဦးမဥ္ဇူသာသည်လည်း တစ်ပါး အပါအဝင် ဖြစ်ပါပေသည်။

# မကြာမီကထုတ်ဝေခဲ့သည့်ပါရမီစာအုပ်များ

| | | |
|---|---|---|
| ၃၄၁။ | ဦးသော်ဇင် | တေဒဂ်ဝတ္ထု |
| ၃၄၂။ | ဒဂုန်ဦးထွန်းမြင့် | မင်္ဂလာ |
| ၃၄၃။ | ပန်းဒကာကိုတင်မြင့် | ဓမ္မမိုးရေစက်များ |
| ၃၄၄။ | ကျော်နန္ဒအောင် | မင်းကွန်းဇေတဝန်ဝိပဿနာရှုနည်း |
| ၃၄၅။ | ကျော်နန္ဒအောင် | တော်ကူးဝိပဿနာရှုနည်း |
| ၃၄၆။ | ဦးသော်ဇင် | မြတ်စွာဘုရား၏ဥဒါန်းစကားများ |
| ၃၄၇။ | တင်မောင်မြင့် | အမတရာပုံတော် |
| ၃၄၈။ | ဓမ္မာစရိယဦးအေးနိုင် | သတ္တဝါများနှင့်ကံတရား |
| ၃၄၉။ | ကျော်နန္ဒအောင် | လယ်တီဝိပဿနာရှုနည်း |
| ၃၅၀။ | ကျော်နန္ဒအောင် | ဝေဘူဝိပဿနာရှုနည်း |
| ၃၅၁။ | ဦးသော်ဇင် | မဃဒေဝလင်္ကာညွန်နီတိ |
| ၃၅၂။ | – | ပါရမီပဋ္ဌာန်းအသံထွက် |
| ၃၅၃။ | – | ပါရမီပရိတ်အသံထွက် |
| ၃၅၄။ | ရွှေမိုးသန်း | ကျွန်တော်ကျွန်မတို့သည် |
| ၃၅၅။ | ကျော်ဦး | ဥတုရာသီပြောင်းခဲ့ပြီ |
| ၃၅၆။ | မောင်ထင် | ရုပ်ပုံလွှာ |
| ၃၅၇။ | ထက်ခေါင် | ရာစုသစ်အလှူရှင် |
| ၃၅၈။ | ကျော်နန္ဒအောင် | ကန္နီဝိပဿနာရှုနည်း |
| ၃၅၉။ | တင်မောင်မြင့် | လေအဟုန်လျှပ်စီးနဲ့ အမြင့်ခရီးကိုလှမ်းခဲ့တယ် |
| ၃၆၀။ | ကျော်နန္ဒအောင် | တောင်တန်းဝိပဿနာရှုနည်း |
| ၃၆၁။ | ကျော်နန္ဒအောင် | သပိတ်အိုင်ဝိပဿနာရှုနည်း |
| ၃၆၂။ | Khin Myo Chit | A Wonderland of Pagoda Legends |

အဘိဉာဉ်ရပုဂ္ဂိုလ်ဟု ကျော်ကြားတော်မူသော သီးလုံးဆရာတော်ဘုရားကြီး၏ အကြောင်းအရာတို့ကို ဆရာတော်ကြီး၏ ဇာတိရပ်ရွာနှင့် သီတင်းသုံးတော်မူခဲ့ရာ နေရာများသို့ ကိုယ်တိုင်ကိုယ်ကျ သွားရောက်လေ့လာတင်ပြချက် ...

# သီးလုံး ဆရာတော်ဘုရားကြီး

## ကျော်နန္ဒအောင်

ရေးသားပူဇော်သည်

၉၂